# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၃၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများအား စစ်ဆေး၊ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း


*စာမျက်နှာ ၃ ကော်လံ ၁* ❖


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးနန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားစဉ်။


**ယနေ့ ဖတ် စ ရာ**

ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့၌ ဆီထွက်သီးနှံ နေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေး ဆွေးနွေး — ပြည်တွင်းသတင်း — စာ ၁၁

အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်မှု ပြီးဆုံးသွားသော်လည်း တင်းမာမှုများ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ဟစ်ဇ်ဘိုလာပြော — နိုင်ငံတကာသတင်း — စာ ၁၃

အထက်မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ ချည်မျှင်ရှည်ဝါသီးနှံ စတင်စိုက်ပျိုး — စီးပွားရေးသတင်းများ — စာ ၁၅





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

- ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လို
- ပြည်သူ့စစ်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံတည်ငြိမ်ရေးကို ဆောင်ရွက်သွားရမည်
- နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်

❖ *ရှေ့ဖုံးမှ*

လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိမှု၊ EAO အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်လုပ်ဆောင်နေမှု အခြေအနေများနှင့် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်နေမှု အခြေအနေများ၊ အများပြည်သူသွားလာလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများ၊ မီးရထားလမ်းများနှင့် ဆက်သွယ်ရေးတာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုအခြေအနေများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရေရှည်အတွက်ထည့်သွင်းစဉ်းစား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ ပြည်သူ့စစ်များ၊ စစ်မှုထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံတည်ငြိမ်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန်လိုအပ်မှုနှင့် အခြားနယ်မြေဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ရင်းနှီးနွေးထွေးစွာမေးမြန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော် ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည်လည်း ဆေးရုံအမျိုးသမီးကုသဆောင်၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက ဆေးရုံအမျိုးသမီးကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်(မန္တလေး) သို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၂၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် ရွာတောလေးကျေးရွာအနီးရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(မန္တလေး) အား သွားရောက် ဖူးမြော်ကြည်ညိုသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**မြတ်ဗုဒ္ဓ၏လက်ဝဲအထက် စွယ်တော်ပွားကိုဖူးမြော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးတွင် ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ လက်ဝဲအထက် စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုကာ စေတီတော်မြတ်ကြီး အမြဲသန့်ရှင်းသာယာပြီး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွယ်တော်မြတ်စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ လက်ဝဲအထက် စွယ်တော်ပွားအား ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစဉ်။


*စာမျက်နှာ ၄ မှ*

ကြည်ညိုဖွယ် ဖြစ်နေစေရေး အတွက် ဆောင်ရွက်ရန်နှင့်ဘက်စုံ ပြုပြင်မွမ်းမံရန် လိုအပ်သည်များ ကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာဝိဇိတာရုံ ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါ စရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိ ဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရိန္ဒာ ဘိဝံသ ကို ဖူးမြော်ကြည်ညို၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရိန္ဒာ ဘိဝံသ ထံ အားဖြည့်ဌက်သိုက်နှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်း လျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိ သူများကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးထံ အားဖြည့် ဌက်သိုက်နှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ဒေသအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ အောင်ကြီး သည် ယမန်နေ့က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံး အစည်းဝေး ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်ရေး၊ အသားနှင့် ငါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးနှင့် ဒေသအလိုက် စားရေရိက္ခာ ဖူလုံစေရေးအတွက် စီမံဆောင်ရွက်ရေးဆိုင်ရာ ကိစ္စ ရပ်များ၊ ဆီထွက်သီးနှံ တိုးချဲ့ စိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံ ဝါနှင့်ကော်ဖီ လျာထားကေပြည့် စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များ အပေါ် လိုအပ်ချက်များ ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် အမရပူရမြို့နယ်ရှိ ငါး လုပ်ငန်းဦးစီးဌာန နတ်ရေကန် ငါးလုပ်ငန်းစခန်းသို့ သွားရောက် ပြီးစခန်း၌မျိုးငါးများမွေးမြူထားရှိ မှု၊ ဘဏ္ဍာနှစ်အလိုက် ငါးမျိုး ထုတ်လုပ်မှု၊ ငါးမျိုးရောင်းချမှု နှင့် ငါးမျိုးစိုက်ထည့်ထားရှိမှုကို လည်းကောင်း၊ ပြည်ပပို့ကုန် အရည်အသွေး စစ်ဆေးရေး (ဓာတ်ခွဲခန်း) မှ ဓာတ်ခွဲစမ်းသပ် စစ်ဆေး၍ နယ်စပ်ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် ပြည်ပ



ဈေးကွက်သို့ တင်ပို့လျက်ရှိသော ရေထွက်ကုန်များကို စားသုံးသူ များ ဘေးအန္တရာယ်ကင်းသော အစားအစာဖြစ်ကြောင်း ကျန်းမာ ရေး အာမခံချက် (Health Certi– ficate) ထုတ်ပေးနေမှုကို လည်း ကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် စဉ့်ကိုင်မြို့နယ် ဆည်ရွာ ကျေးရွာရှိ မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာန တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်း(မန္တလေး)၌ အစားအစာ ဘေးကင်းလုံခြုံရေး အတွက် အရေးပါသော Salmo– nella, E.coli, Coliform, Staphy– lococcus aureus, Aerobic Plate Count တို့ကို စစ်ဆေးသည့် 3M Petrifilm နည်းပညာ ISO/IEC: 17025:2017 လက်မှတ်ရရှိရန် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အာဟာရပြည့်ဝသော စားရေရိက္ခာ ဖူလုံရေးအတွက် ပမာဏအမြောက်အမြား ထွက်ရှိ နိုင်စေရန် မွေးမြူရေးနှင့် အသား ကဏ္ဍထုတ်ကုန်များ မြှင့်တင် ဆောင်ရွက်ရန် လိုအပ်မှုနှင့် တိရစ္ဆာန်ရောဂါရှာဖွေရေးလုပ်ငန်း များကို မျက်ခြည်မပြတ် စောင့် ကြည့်လေ့လာ၍ ကြိုတင် ကာကွယ်နိုင်ရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် မိတ္ထီလာမြို့နယ် ဆူးဖြူကွယ် ကျေးရွာရှိ မွေးမြူရေး တောင်သူ ဦးအောင်မြင့်၏ ဆိတ်မွေးမြူရေး ခြံ၌ ဂျိတ်နီဆိတ်မျိုး အကောင် ရေ ၂၅၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေး တိရစ္ဆာန် ကူးစက်ရောဂါကြိုတင် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ် များကို တာဝန်ရှိသူများအား ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြန့်ဝေသည့် လက်ဆွဲမျိုးစေ့ချကိရိယာပေးအပ်



**ရွှေတောင် ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြန့်ဝေသည့် လက်ဆွဲမျိုးစေ့ချ ကိရိယာ (Manual Drum Seeder Type–ll) ပေးအပ်ပွဲကို ယနေ့နံနက် ပိုင်းက ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်း အောင်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ရွှေတောင်မြို့နယ်အတွင်း မိုးစပါး၊ နွေစပါး စိုက်ဧကများ လျာထား ကေပြည့်မီစွာ အချိန်မီစိုက်ပျိုးနိုင်ရေး၊ သက်တမ်းတို အထွက်ကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် ကြဲခင်းများ လုံးဝစိုက်ပျိုး ခြင်းမပြုစေရေး၊ လက်ဆွဲကောက်စိုက်စက်များ၊ လက်ဆွဲမျိုးစေ့ချ ကိရိယာများ၊ ကောက်စိုက်စက်များ အသုံးပြု၍ စနစ်တကျစိုက်ပျိုး နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုး မွေးမြူရေးကြီးကြပ်မှုကော်မတီက သက်ဆိုင်ရာကျေးရွာအုပ်စုများသို့ မြေပြင်ကွင်းဆင်းစည်းရုံး ဆောင် ရွက်မှုအခြေအနေနှင့် လက်ဆွဲကောက် စိုက်စက်၊ မျိုးစေ့ချကိရိယာများ ဖြန့်ဖြူးပေးထားရှိမှုအပေါ် တောင်သူများက အကျိုးရှိစွာ လက်တွေ့ အသုံးချစေရေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်တို့က ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့က ဖြန့်ဝေသည့် လက်ဆွဲမျိုးစေ့ချကိရိယာ အလက် ၄၀ အား ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **ကိုကိုမင်း (ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

## ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများ ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့တာဝန်ကျရာပတ်ဝန်းကျင်ကို ပညာအလင်းရောင်နှင့် လမ်းကြောင်းမှန် ဖော်ဆောင်ပေးနိုင်ရမည်

နေပြည်တော် ဩဂုတ် ၂၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ မန္တလေးပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ မန္တလေး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်နှင့် ဆရာ၊ ဆရာမများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကောလိပ်ရှိ ပညာတန်ဆောင်စုပေါင်းခန်းမ၌ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်က မန္တလေးပညာရေးဒီဂရီကောလိပ်ဆိုင်ရာ အချက်အလက်များ၊ ပညာသင်ကြားပေးနေမှုအခြေအနေများနှင့် ပညာရေးဆိုင်ရာအဆောက်အဦလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မန္တလေးပညာရေးဒီဂရီကောလိပ်မှ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုအရ မိမိတို့နိုင်ငံ၏ ပညာရေး အားနည်းချက်များကို တွေ့မြင်ရကြောင်း၊ အဆိုပါ အားနည်းချက်များကို ပြုပြင်ပြောင်းလဲပြီး လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

> ❑ **မိမိတို့အနေဖြင့် ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်၊ ပညာတတ်လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်၊ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားချိန်နှင့် နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများကြား၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့၊ အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေသူများအားလုံး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လို**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လှူထုသိပ္ပံကျမ်းများ၊ သုတ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ကောလိပ်မှ နည်းပြ ဆရာ၊ ဆရာမများ၊ သင်ကြားရေးဝန်ထမ်းများဖြစ်လာမည့် သင်တန်းသား၊ သင်တန်းသူများကို နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍတို့နှင့် ပတ်သက်၍ အနည်းငယ်ပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများနှင့် လက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ခံအစိုးရများအနေဖြင့် နိုင်ငံတော်အကျိုးအတွက်ဆောင်ရွက်ရသည့် အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်၍ ရသည်များရှိသကဲ့သို့ အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အခက်အခဲများရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားချိန်၌ တပ်မတော်အနေဖြင့် အဆိုပါအချိန်တွင် တာဝန်ယူထားသည့် အစိုးရအား ကျန်းမာရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အကြံပြုခဲ့သော်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်လာခဲ့သည့်အချိန်တွင် အစိုးရအနေဖြင့် ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခက်အခဲများရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းကြောင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအချိန်သည် ရွေးကောက်ပွဲ ပြုလုပ်ရမည့်အချိန်ဖြစ်သဖြင့် ခေတ္တဆိုင်းငံ့ထားရန် တပ်မတော်အနေဖြင့် အကြံပြုခဲ့သော်လည်း အစိုးရမှလက်မခံဘဲ ဆက်လက်ပြုလုပ်ခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ အဆိုပါအချိန်တွင် တာဝန်ယူထားသည့် အစိုးရအနေဖြင့် ၎င်းတို့ပါတီအနိုင်ရရှိစေရေး ကြိုတင်မဲပေးရာတွင်လည်းကောင်း၊ မဲစာရင်းပြုစုရာတွင် လည်းကောင်း မဲမသမာမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲပြီးဆုံး၍ မဲစာရင်းများထုတ်ပြန်ခဲ့ချိန်တွင် မဲစာရင်းများ ကြီးမားစွာကွာဟမှုများ ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံရေးပါတီများက တပ်မတော်မှ စိစစ်ပေးနိုင်ရေး တောင်းဆိုမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းများကို ပြန်လည်စိစစ်ခဲ့ရာ မဲမသမာမှုမှာ ၁၀ သန်းကျော်ခန့် ရှိခဲ့ကြောင်း၊ အဆိုပါမဲစာရင်းများ မှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများထံသို့ ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် မဲမသမာမှုများဖြင့် ရရှိလာသည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ မဲမသမာမှုများကို လုပ်ဆောင်ရာတွင် NLD ပါတီဗဟိုအမှုဆောင်များနှင့် အချို့ဒေသများတွင် ဝန်ကြီးချုပ်များပင် ပါဝင်သည်ကို တွေ့ရကြောင်း၊ အဆိုပါမဲမသမာမှုဖြစ်စဉ်မှတစ်ဆင့် ဆူပူဆန္ဒပြမှုများ၊ လူစုလူဝေးဖြင့် အကြမ်းဖက်မှုများ၊ ထိုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်ဖြစ်စဉ်များအထိ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲမသမာမှုကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဖြေရှင်းရန် လုပ်ဆောင်လာခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းကို သုံးသပ်ရမည်ဆိုပါက မိမိတို့နိုင်ငံ၌ ပညာတတ်များ နည်းပါးခြင်းကြောင့်ဖြစ်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးကို မကြည့်ဘဲ လက်နက်ကိုင်အကြမ်းဖက်မှုများဖြင့် နိုင်ငံတော်၏အနာဂတ်ကို ဖျက်ဆီးနေကြခြင်းပင်ဖြစ်ကြောင်း။

**ပညာရည်မြင့်မားရေး အလေးပေးဆောင်ရွက်လျက်ရှိ**

ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားချိန်နှင့် နိုင်ငံရေးအခက်အခဲ အကျပ်အတည်းများကြား၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ကျောင်းနေသူများအားလုံး အတန်းပညာများ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ ပညာတတ်သကဲ့သို့ စာဖတ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် ပညာသင်ကြားခြင်း မပြုနိုင်တော့သည့်အရွယ်သို့ ရောက်ရှိနေသူများအနေဖြင့် အသိပညာများ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးငယ်များ၏ စာဖတ်ခြင်း အလေ့အကျင့်ကောင်းနှင့် စာဖတ်စွမ်းအားများ တိုးတက်လာပြီး ဗဟုသုတအသိအမြင်များ ပိုမိုသိရှိလာမည်ဖြစ်ကြောင်း။

**သင်တန်းကာလအတွင်း စနစ်တကျ သင်ယူ၍ မိမိတို့တာဝန်ထမ်းဆောင်ရာ ဒေသများ၌ ပညာရည်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်လို**

ယခုကောလိပ်တွင် နိုင်ငံအဝန်းနယ်ပေါင်းစုံမှ လာရောက်သင်တန်းတက်ကြခြင်းဖြစ်သဖြင့် မိမိတို့ ဒေသအလိုက် ပညာရည်မြှင့်တင်ရေး မည်သို့ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်မည်ဆိုသည်ကို စဉ်းစားတွေးတော၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာ နိုင်ငံကောင်းမွန်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နယ်မြေအလိုက် ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖတ်ရှုမှတ်သားခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက လေးနှစ်တာကာလအတွင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လေးနှစ်တာကာလအတွင်း လေ့ကျင့်ရေးများကို စနစ်တကျလိုက်ပါဆောင်ရွက်ပြီး အဆိုပါ လေ့ကျင့်ခန်းများကို မိမိတို့ တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်အသုံးချရန်လိုကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခြင်းများ၊ စည်းကမ်းနှင့်အညီ နေထိုင်သွားလာခြင်းများကို မိမိတို့ သင်ကြားပေးရမည့် ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်ယူခြင်းများ ဆောင်ရွက်ချိန်တွင် စနစ်တကျ သင်ယူသွားမည်ဆိုပါက သင်ကြားရေးကို အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စာဖတ်မပျင်းရန်လိုပြီး ပြန်လည်သင်ကြားခြင်းများကို ဆောင်ရွက်ရမည့်သူများဖြစ်သဖြင့် စာပေအသိပညာဗဟုသုတများ ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားဒေသများတွင် အတန်းပညာ သင်ကြားရန်အတွက် ဘာသာစကား အခက်အခဲများ ရှိနိုင်ကြောင်း၊ ယခု ပညာရေးဒီဂရီကောလိပ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ တာဝန်ထမ်းဆောင်သည့် နေရာဒေသများသို့ရောက်ရှိပါက ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်မှုရှိစေရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာနိုင်မည်ဖြစ်ကြောင်း။

သင်တန်းပြီးဆုံး၍ တာဝန်ထမ်းဆောင်ရာတွင်လည်း စာပေဖတ်မှတ်လေ့လာခြင်းများကိုဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ကို လေ့လာခြင်းနှင့် ပတ်သက်၍လည်း အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ကျေးရွာနှင့် မြို့များအလိုက် အတွေ့အကြုံများ၊ အသိအမြင်များ အနည်းနှင့်အများ ကွာခြားနိုင်မည်ဖြစ်ပြီး မိမိတို့ကြုံတွေ့ရသည့် လူနေမှုစနစ်များနှင့်အညီ မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကို ပြုပြင်ပေးနိုင်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပညာဆိုသည်မှာ စာပေသင်ကြားခြင်းသာမက အသိပညာ၊ အတတ်ပညာများလည်း ပါဝင်ကြောင်း၊ လေးနှစ်ကာလအတွင်း စနစ်တကျသင်ယူသွားမည်ဆိုပါက မီးအလင်းရောင်နှင့်တူသည့် ပညာများကို ရရှိမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံများ၊ ပညာများကို မိမိတို့ တာဝန်ထမ်းဆောင်ချိန်တွင် ပြန်လည်သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **နိုင်ငံတော်ကို ခိုင်မာသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်**ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်ရယူ၍ အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့် ပုံဖော်တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် **ယခုကောလိပ်မှ သင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ် တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ ဘဝတစ်လျှောက် အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား**လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတ ရသစာအုပ်စာစောင်များ၊ သင်ထောက်ကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

◆ **နိုင်ငံတော်ကို ခိုင်မာသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်**

❖ **ယခုကောလိပ်မှ သင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ် တတ်မြောက်အောင် လေ့လာသင်ယူ၍ မိမိတို့၏ ဘဝတစ်လျှောက် အောင်မြင်တိုးတက်စေရေး၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁) တို့၌ ကျင်းပသည်။





အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမျှထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး) မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးရာ**(အပေါ်ပုံ)** အမျိုးသမီး မီတာ၁၀၀ အပြေးပြိုင်ပွဲတွင် သီရိလင်းလင်း (စစ်ကိုင်း)က ၁၃ ဒသမ ၃၄ စက္ကန့်ဖြင့် ပထမ၊ အေးစန္ဒာဝင်း(မကွေး) က ၁၃ ဒသမ ၄၇ စက္ကန့်ဖြင့် ဒုတိယ၊ ရွှေခရေဦး (ကရင်) က ၁၃ ဒသမ ၄၉ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် စောလဲပွဲခူ(ရေဝတီ) က ၁၁ ဒသမ ၂၄ စက္ကန့်ဖြင့် ပထမ၊ အောင်မျိုးဇော် (ပဲခူး)က ၁၁ ဒသမ ၂၆ စက္ကန့်ဖြင့် ဒုတိယ၊ ဇေယျာဖြိုး (စစ်ကိုင်း)က ၁၁ ဒသမ ၂၈ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ကျော်ဇင်ထွန်း(စစ်ကိုင်း)က ၆ မိနစ် ၄၄ ဒသမ ၉၆ စက္ကန့်ဖြင့် ပထမ၊ အောင်မြင့်မြတ်(ရှမ်း)က ၆ မိနစ် ၄၆ ဒသမ ၅၁ စက္ကန့်ဖြင့် ဒုတိယ၊ ဟိန်းသူရအောင် (တနင်္သာရီ)က ၆ မိနစ် ၅၄ ဒသမ ၅၄ စက္ကန့်ဖြင့် တတိယတို့ ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒေါက်တာစိုးဝင်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးထွန်းအုံနှင့် ဦးအောင်ကျော်ဟိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများဖြစ်သည့် အမျိုးသမီး (လုံတံပစ်၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ သုံးဆင့်ခုန်၊ မီတာ ၁၅၀၀) ပြိုင်ပွဲများနှင့် အမျိုးသား (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ လုံတံပစ်၊ မီတာ ၁၅၀၀) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊ တတိယဆုရရှိကြသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသား မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက် ပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ် ပြည့်ဖြိုးထွန်း (ရန်ကုန်) ၏ စံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၄၇ မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် နိုင်လင်းထွန်း (ရှမ်း) ကို လည်းကောင်း၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ၂၀၁၉ ခုနှစ် မူကိုဖော (ကယား) ၏ စံချိန် ၃၅ ဒသမ ၀၈ မီတာထက် ကျော်လွန်၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် နန်းအွမ်ဆိုင်ခမ်း (ရှမ်း) နှင့် အမျိုးသမီး မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် ၂၀၂၃ ခုနှစ် ဇာဇာထွန်း(မန္တလေး) ၏ စံချိန် ၈ မိနစ် ၁၂ ဒသမ ၄၄ စက္ကန့်ထက် သာလွန်ကောင်းမွန်ပြီး စံချိန် ၇ မိနစ် ၅၄ ဒသမ ၉၉ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် ခိုင်ဖူးဝေ (ရှမ်း)တို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။




ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသမီး တံခွန်စိုက်ဆုဖလား ရရှိသည့် ရှမ်းပြည်နယ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်း တံခွန်စိုက်ဆုဖလားရရှိသည့်စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လည်းကောင်း **(အောက်ဝဲပုံ)** တံခွန်စိုက်ဆုဖလားတို့ကိုပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများက အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန် ခိုင်မာလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ပြေးခုန်ပစ် မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း အင်အား ၄၅၂ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှချန်ပီယံလိဂ် အမျိုးသမီးခြေစစ်ပွဲတွင် အယ်လ်နာဆာအသင်းကို မြဝတီအသင်းရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၂၄-၂၀၂၅ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု (A) ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ဩဂုတ် ၂၆ ရက် နံနက် ၁ နာရီက ဆော်ဒီအာရေဗျနိုင်ငံ၌ကျင်းပရာ အိမ်ရှင်ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းက မြန်မာကလပ် မြဝတီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ပထမဆုံးကျင်းပသည့် အာရှချန်ပီယံလိဂ် အမျိုးသမီးခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရသော မြန်မာအမျိုးသမီးကလပ် မြဝတီအသင်းသည် အုပ်စုအနေအထားအရ နောက်တစ်ဆင့်တက်ရောက်နိုင်သည့်အနေအထားရှိသော်လည်း အယ်လ်နာဆာအသင်းကို အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန် ရှုန်းကန်ရတော့မည်ဖြစ်သည်။ အယ်လ်နာဆာအသင်း၏ အနိုင်ဂိုးများကို ၂၁၊ ၂၈ မိနစ်တွင် လူဗန်ဂါ၊ ၆၃ မိနစ်တွင် အယ်လ်ဆိုင်ဆာရီတို့က သွင်းယူခဲ့သည်။

**ရဲရင့်လွင်**

## ဖျာပုံမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး

**ဖျာပုံ ဩဂုတ် ၂၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အသိပညာပေး ဟောပြောခြင်းကို ဩဂုတ် ၂၆ ရက်က ဖျာပုံမြို့နယ်အထက(ဖျာပုံတမံ)ကျောင်းခန်းမ၌ ပြုလုပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသန့်ဇင်က သန်းခေါင်စာရင်းကောက်ယူမည့် ရည်ရွယ်ချက်၊ ကောက်ယူမည့် အချိန်ကာလ၊ သန်းခေါင်စာရင်းတွင် ထည့်ကောက်ရမည့်သူနှင့် ထည့်မကောက်ရမည့်သူများ၊ မှန်ကန်စွာ ဖြေဆိုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ဖြေကြားသည့် အချက်အလက် လုံခြုံစိတ်ချရေးနှင့် အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းထားမှု အပါအဝင် သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၈၀) ယာဉ်ထိန်းတပ်ဖွဲ့စု(ဖျာပုံ)မှ တပ်ဖွဲ့ဝင်များသည် ဖျာပုံမြို့နယ်အတွင်းရှိ လူစည်ကားရာ နေရာများတွင် သန်းခေါင်စာရင်းကောက်ယူမည့်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခြင်းနှင့် အသိပညာပေး နံရံကပ်ပိုစတာများ ပြသပေးခဲ့သည်။ **အောင်ဝင်းနိုင် (ပြန်/ဆက်)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ KG + 12 ကျောင်းသား၊ ကျောင်းသူများအတွက် အသိပညာပေး PowerPoint အပ်နှင်းသည့် အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

**ပထမအကြိမ်မဲပေးမည့် လူငယ်မဲဆန္ဒရှင်များအုပ်စုတွင် အကျုံးဝင်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေး PowerPoint အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ အပ်နှင်းသည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄) တွင် **“ KG + 12 တက်ရောက်နေသည့် ကျောင်းသားများသည် အသက် ၁၇ နှစ်၊ ၁၈ နှစ် အရွယ်ဖြစ်ပြီး KG + 12 ပြီးလျှင် အသက် ၁၈ နှစ်ထဲသို့ ရောက်ရှိမည်ဖြစ်ရာ အသက်အရွယ်အရ မဲပေးရန် အကျုံးဝင်နိုင်သူများဖြစ်လာနိုင်၍ ၎င်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့နှင့်ပတ်သက်၍ သိရှိအောင်ဆောင်ရွက်ပေးရန်”** လမ်းညွှန်မှုပြုခဲ့ကြောင်း။

KG + 12 တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများသည် မကြာခင် အသက် ၁၈ နှစ်ပြည့်မီ၍ ပထမအကြိမ်မဲပေးရမည့် လူငယ်မဲဆန္ဒရှင်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ်ဆန္ဒမဲပေးရာတွင် အခက်အခဲမရှိစေရန်နှင့် နိုင်ငံအကျိုးအတွက် မှန်မှန်ကန်ကန် ရွေးချယ်တတ်စေရန် ရည်ရွယ်၍ ရွေးကောက်ပွဲအသိပညာပေးခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ဒီမိုကရေစီအသိနှင့် ဒီမိုကရေစီစနစ်၏ အလေ့အကျင့်ကောင်းများကို သိရှိရန်လိုသည့်အတွက် မိမိတို့နိုင်ငံ၌ ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များကို PowerPoint တွင် ကောက်နုတ်ဖော်ပြထားပါကြောင်း။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ / မရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ / မရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသူများ၊ မဲပေးခွင့်ရရှိရန်အတွက် မဲစာရင်း၌ မိမိအမည်ပါဝင်အောင် ဆောင်ရွက်ရမည့်နည်းလမ်း၊ မပါဝင်သင့်သူများ ပါဝင်နေလျှင်၊ အချက်အလက်များ မှားယွင်းနေလျှင် မည်သို့ဆောင်ရွက်ရမည်၊ မည်ကဲ့သို့မဲပေးရမည် စသည်ဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကိုလည်း ဖော်ပြထားပါကြောင်း၊ ရွေးကောက်ပွဲအတွက် အရေးကြီးသည့် မဲဆန္ဒရှင်လူငယ်များ၏ နိုင်ငံသားအခွင့်အရေးဖြစ်သော မဲပေးခွင့်မဆုံးရှုံးရစေရန်၊ ဥပဒေနှင့်အညီ မဲပေးခွင့်ရရှိစေရန်၊ မဲပေးတတ်စေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရွေးကောက်ပွဲတွင် ပထမအကြိမ် မဲပေးရမည့် ကျောင်းသားလူငယ်များအနေဖြင့် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများရရှိပြီး နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သည့် မဲပေးခွင့်မဆုံးရှုံးရစေရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူတစ်ဦးက KG + 12 ကျောင်းသား၊ ကျောင်းသူများအတွက် အသိပညာပေး PowerPoint နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက KG + 12 ကျောင်းသား၊ ကျောင်းသူများအတွက် အသိပညာပေး PowerPoint ကို အပ်နှင်းရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်နှင့် ပြည်ထောင်စုနယ်မြေ တာဝန်ခံ ဦးမျိုးလှိုင်၊ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခြင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ပြန်လည်ထုပ်ပိုး သိမ်းဆည်းပုံတို့ကို သင်ကြားပြသပေးမည် ဖြစ်ပြီး နည်းပြဆရာဖြစ် သင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ သိရှိတတ်ကျွမ်းကာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင် ညွှန်ကြား ပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင်လည်း မဲပေးစက်ဖြင့်မဲပေးခြင်းကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာဖြင့် သက်သောင့်သက်သာ မဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းဆွေးနွေး တင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဋ္ဌေးအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်းတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း မျောက်ကျောက်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားကြသည်။

ထိုသို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြည်ပဆိုက်ရောက်တွင် ဩဂုတ် ၂၁ ရက်မှစတင်၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးဋ္ဌေးအောင်၊ ရန်ကုန်ပြည်သူ့ဆေးရုံ အုပ်ကြီး ပါမောက္ခ ဒေါက်တာသီတာလှ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို ကိုယ်အပူချိန် တိုင်းတာခြင်း၊ ကျန်းမာရေး ကြေညာချက် (Health Declaration Form) အား စစ်ဆေးခြင်း၊ ခရီးသည်များအား Mpox(မျောက်ကျောက်) ရောဂါနှင့်ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသောရောဂါများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ ဩဂုတ် ၂၁ ရက်မှ ယနေ့အထိ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူ ၉၄၅၀ ကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သံသယလူနာ မတွေ့ရှိသေးကြောင်းများနှင့် အကယ်၍ သံသယလူနာတွေ့ရှိပါက ဝေဘာဂီဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

မကြာသေးမီက ချယ်ဆီးအသင်းမှ ပေါင် ၃၃ သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့လာသော အင်္ဂလန်ကွင်းလယ်ကစားသမား ဂယ်လာဂါသည် အက်သလက်တီကို မက်ဒရစ်အသင်း၌ ၎င်း၏ ပွဲဦးထွက်ပွဲစဉ်ကို ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။

အဖွင့်ပွဲစဉ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းရော ဂျီရိုနာအသင်းပါ သရေကျထားသည့်အတွက် ယခုပွဲစဉ်ကို နိုင်ပွဲရရေး ခြေကုန်ထုတ် လာခဲ့ကြသည်။ ဂျီရိုနာအသင်းက ခြေစွမ်းကောင်းအချို့ပြသကာ အက်သလက်တီကိုမက်ဒရစ်အသင်းကို ဖိအားပေးတုံ့ပြန်ကစား နိုင်ခဲ့သော်လည်း တိုက်စစ်အဆုံးသတ်ပိုင်း လိုအပ်ချက်များစွာရှိနေသဖြင့် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ နိုင်ပွဲနှင့်ဆက်လက်ဝေးကွာခဲ့ရသည်။

အက်သလက်တီကို မက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဂရစ်ဇ်မန်း၊ လော်ရန်တေးနှင့် ကိုကီတို့က သွင်းယူပေးခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါ ပွဲစဉ် (၂) အပြီးတွင် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိထားသည်။ ပြိုင်ဘက် ဂျီရိုနာအသင်းက နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားသည်။ **အောင်ဇော်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

## အားကစားပွဲတော်သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အရေးပါ အလေးအနက်ထားရမည့် အခမ်းအနားတစ်ခုဖြစ်

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အွန်လိုင်းမှတက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူတို့က အွန်လိုင်းမှတက်ရောက်ကြသည်။

**တာဝန်ခွဲဝေလုပ်ဆောင်သွားမည်**

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအစည်းအဝေး ယခင်နှစ်ကြိမ်တွင်လည်း ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှ ဆုံးဖြတ်၊ သုံးသပ်ပြီး အဖွဲ့လိုက်၊ ကဏ္ဍအလိုက် စတင်ဖွဲ့စည်း၍ လာမည့်စက်တင်ဘာလတွင် ကြိုတင်ပြင်ဆင်လေ့ကျင့်ရန် ဆုံးဖြတ်ထားပါကြောင်း၊ မိမိကဏ္ဍအလိုက်၊ အဖွဲ့အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်ဆွေးနွေး၍ မိမိတို့ကော်မတီက အတည်ပြုကာ တာဝန်ခွဲဝေလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် သက်ဆိုင်ရာပညာရှင်များနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းသို့ သွားရောက်လေ့လာပြီးဖြစ်ပါကြောင်း။

**အားကစားအဆင့်အတန်းမြင့်မားရေး**

နိုင်ငံတော် ဝန်ကြီးချုပ်ကလည်း အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရအပြည့်ဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ပြီး အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ကျင်းပမည်ဟု ပြောကြားပါကြောင်း၊ အမျိုးသား အားကစားပွဲတော်ကို ခမ်းခမ်းနားနား ကျင်းပရခြင်းမှာ ပြည်သူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေရေးနှင့် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ ယခုအားကစားပွဲတော်သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အရေးပါအလေးအနက်ထားရမည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ဦးရဲတင့်၊ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော် အလံကို Free Fall လေထီးဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်းအစီအစဉ်၊ အခမ်းအနား အစီအစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာများ အချိန်မီတင်ပြနိုင်ရေး၊ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အပါအဝင် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက ကျောင်းသားကျောင်းသူများ၏ (Performance) သရုပ်ဖော်အကအလှများ ဆောင်ရွက်ထားရှိမှု၊ မီးရှူးမီးပန်း အလှဆင်ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင်ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးဆောင်ရွက်ထားရှိမှု စသည်ဖြင့် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆) သင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက်က ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင် ဦးဆန်းမြင့်နှင့် သူရဦးဘိုနီ၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**လူ့စွမ်းအား အားကောင်းရေး**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အမှာစကားပြောကြားရာတွင် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရာတွင် အခြေခံပညာဆရာ၊ဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်ပညာ၊ အသိပညာနှင့် ပြည့်စုံသော ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာအားကောင်းရေးသည် အလွန်အရေးကြီးသဖြင့် ကျောင်းသားလူငယ်များ၏ စဉ်းစားတွေးခေါ်ဉာဏ်ရင့်သန်စေရေး၊ ဆန်းသစ်သည့်အယူအဆ၊ အတွေးအခေါ်များနှင့် ကြိုးစားအားထုတ်နိုင်စေရေး သွန်သင်လမ်းပြကြရန်လိုကြောင်း။

**တိုက်တွန်းမှာကြား**

ကျောင်းသား လူငယ်များကို ဗလငါးတန်နှင့်ပြည့်ဝပြီး အသိဉာဏ်ပညာဖြင့် ပြည့်စုံသည့် ပညာတတ် လိမ္မာယဉ်ကျေးသည့် မျိုးဆက်သစ်များဖြစ်အောင် ဒုတိယမိဘသဖွယ် စိတ်မှာထားပြီး ဂရုတစိုက် သင်ကြားပျိုးထောင်စေလိုပါကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ရရှိခဲ့သည့် သင်ခန်းစာများကို လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး အနာဂတ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်ရှိသော၊ အမြော်အမြင်ရှိသော မျိုးဆက်သစ်များ၊ လူ့စွမ်းအားအရင်းမြစ်များ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများအတူ လက်တွဲ၍ ဘက်စုံပညာရေးအရှိန်ဖြင့် မြှင့်တင်သွားကြရန် တိုက်တွန်း မှာကြားသည်။

အဆိုပါသင်တန်းသို့ပညာရေးဝန်ကြီးဌာနမှ အခြေခံဆရာ၊ ဆရာမ သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၃၁၅ ဦး စုစုပေါင်း ၃၈၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့၌ ဆီထွက်သီးနှံ နေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၆**

ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ဆီထွက်သီးနှံ နေကြာနှင့် ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်း တိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေး အတွက် ဒေသအလိုက် ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် ဒေသအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ပြည်တွင်းအထည်အလိပ်စက်ရုံများအတွက် လိုအပ်သည့် အရည်အသွေးမြင့် ဝါဂွမ်းထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် အထူးဇုန်ဧရိယာများ သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ချေးငွေများ ထောက်ပံ့ပေးအပ်**

ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းအတွက် ချေးငွေများ ထောက်ပံ့ပေးအပ် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၌ နေကြာသီးနှံ ဧကသုံးသန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၌ ဧက ၃၇၅၀၀၀ ကျော်၊ မကွေးတိုင်းဒေသကြီး၌ ဧက ၂၄၂၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီး၌ ဧက ၁၈၁၀၀၀ ကျော်နှင့် ကချင်ပြည်နယ်၌ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နေကြာစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရန် အလားအလာကောင်းသည့် ဒေသများကို ရွေးချယ်၍ ဆီထွက်သီးနှံ နေကြာအထူးဇုန်များ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကာ လိုအပ်ချက်အပေါ် မူတည်၍ မြေဆီလွှာအခြေအနေ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်း၊ ထည့်သွင်းအသုံးပြုသင့်သည့် ဓာတ်မြေဩဇာ အမျိုးအစား၊ အချိုးအဆ ထောက်ခံချက်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေရရှိရေး စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် နေကြာသီးနှံအစေ့အဆန်ပြည့် ဖြစ်ထွန်းစေရန် ဝတ်မှုန်ကူး အင်းဆက်ပျားမွေးမြူရေးလုပ်ငန်းကို တောင်သူများ တွဲဖက်လုပ်ကိုင်နိုင်ကြစေရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေဘိုမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ



**ရွှေဘို ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

ဦးစွာ အမှတ် (၅)စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူးက အမှာစကားပြောကြားပြီး လူငယ်ဖွံ့ဖြိုးရေးစခန်း နာယက စာရေးဆရာကြီးဒေါက်တာ ဦးသန်းထွန်း (ရွှေဘို)က "စာပေတန်ဖိုး" ခေါင်းစဉ်ဖြင့် ဟောပြောကာ ရွှေဘိုမြို့ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်များအတွက် ရွှေဘိုတပ်နယ် တပ်ရင်း/တပ်ဖွဲ့များက မြဝတီစာပေတိုက်မှ ထုတ်ဝေသည့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း စာအုပ်များအားပေး အပ်လှူဒါန်းကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများအား ဆရာကြီး၏ စာဖတ်ပရိသတ်တစ်ဦးက တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀၀ တန်ဖိုးရှိ "ရွှေဘိုနိဒါန်း" စာအုပ်၊ ဆရာကြီး ဒေါက်တာဦးသန်းထွန်းက အလိမ္မာ-စာမှာရှိ စာအုပ်များကို အမှတ်(၅) စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူးနှင့် အရာရှိစစ်သည်များ၊ ဆရာကြီး ဒေါက်တာဦးသန်းထွန်း (ရွှေဘို)တို့က စာပေဒါနဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ၊ ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# ကြံခင်းမြို့၌ လူဦးရေစာရင်းမှန်ကန်စေရေးပြောင်းလဲမှုအားစိစစ်ခြင်းနှင့် ပန်းခင်း(၃)လျှာထားချက်ကိန်းဂဏန်းများ ပြင်ဆင်နိုင်ရေး ဆောင်ရွက်

**ကြံခင်း ဩဂုတ် ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှန်ကန်စွာ ရရှိစေရေးအတွက် ယနေ့မွန်းလွဲ ၁ နာရီက လူဦးရေစာရင်းမှန်ကန်စေရေးပြောင်းလဲမှုအား စိစစ်ခြင်းနှင့် ပန်းခင်း(၃)လျှာထားချက်ကိန်းဂဏန်းများ ပြင်ဆင်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှန်ကန်စွာရရှိစေရေးအတွက် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန်ပြောကြားပြီး မြို့နယ်လဝကမှ (ယာယီ) လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းက လူဦးရေစာရင်းမှန်ကန်စေရေးပြောင်းလဲမှုအား စိစစ်ခြင်းနှင့် ပန်းခင်း(၃)လျှာထားချက် ကိန်းဂဏန်းပြင်ဆင်နိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ကိန်းဂဏန်းပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အင်းစိန်၊ တိုက်ကြီး၊ တွံတေးခရိုင်အဆင့် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ တိုက်ကြီး၊ တွံတေးခရိုင်များ၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အင်းစိန်၊ တိုက်ကြီး၊ တွံတေး) ခရိုင်အဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်း စင်တာ MCC ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ တိုက်ကြီး၊ တွံတေးခရိုင် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်က အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ **(အောက်ဝဲပုံ)** ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေပြီး ဖျော်ဖြေတင်ဆက်သူများအား ဂုဏ်ပြုဆုငွေများ ပေးသည်။

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် (အင်းစိန်၊ တိုက်ကြီး၊ တွံတေး) ခရိုင်အတွင်းရှိ မြို့နယ်များမှ အဆိုပြိုင်ပွဲဝင် မဟာဂီတ ခုနစ်ဦး၊ ခေတ်ဟောင်းတေး ကာလပေါ် ၁၄ ဦး၊ အမျိုးဂုဏ်ဇာတိဂုဏ် ၁၁ ဦး၊ အကပြိုင်ပွဲဝင် ရှစ်ဦး၊ ရုပ်သေးတစ်ဦး၊ အရေးပြိုင်ပွဲဝင် နှစ်ဦး၊ အတီးပြိုင်ပွဲဝင် နှဲတစ်ဦး၊ ပလွေတစ်ဦး၊ စန္ဒရားသုံးဦး၊ ပတ္တလား ခြောက်ဦး၊ မယ်ဒလင် နှစ်ဦး၊ အိုးစည်အဖွဲ့လိုက် ငါးဦးပါအဖွဲ့တစ်ဖွဲ့၊ ဒိုးပတ်အဖွဲ့လိုက် ခြောက်ဦးပါ အဖွဲ့တစ်ဖွဲ့၊ ဆိုင်းတစ်ဦးချင်း လေးဦး၊ ဆိုင်းဝိုင်းကြီး ရှစ်ဦးပါ အဖွဲ့တစ်ဖွဲ့ စုစုပေါင်း ၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ (အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) တို့ရှိ အရာထမ်းများ၊ အမှုထမ်းများနှင့် တွေ့ဆုံ၊ ဝန်ထမ်းသားသမီးများ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၆**

ဆေးဝါးစက်ရုံ(အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)တို့ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၊ ဝန်ထမ်းသားသမီးများ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများနှင့် အရာထမ်း/အမှုထမ်းများ၊ တက္ကသိုလ်နှင့်အခြေခံပညာအဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သားသမီးများ တက်ရောက်ကြသည်။

**စံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးစက်ရုံ (အင်ရောင်း) အနေဖြင့် ပြည်သူများအတွက် အခြေခံအကျဆုံးဆေးဝါးများအပါအဝင် ဆေးဝါးအမျိုးပေါင်း ၅၀ ကျော်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်လျက်ရှိကြောင်း၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) အနေဖြင့် စတီးလ်အသုံးအဆောင်ပစ္စည်းများ၊ ကျန်းမာရေးဝန်ကြီးဌာနအတွက် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများနှင့် အဆင့်မြင့်ခုတင်များကို ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

စက်ရုံရေရှည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း၊ အဖွဲ့အစည်းတစ်ခုလုံး၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ဖြင့် လုပ်ငန်းကျင်ကို အထောက်အကူဖြစ်စေပြီး အခြားအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်၍ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) တို့ရှိဝန်ထမ်းသားသမီး ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား/ကျောင်းသူ ကိုယ်စားလှယ်များကလက်ခံရယူပြီး **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တက္ကသိုလ်အဆင့်နှင့် အခြေခံပညာအဆင့်တို့တွင် တက်ရောက်ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သားသမီး ၃၂၆ ဦးအတွက် ငွေကျပ် ၄၈ သိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) သို့ ရောက်ရှိပြီး နိုက်ထရိုဂျင်ထုတ်သည့်အလုပ်ရုံ၊ ရေသန့်အလုပ်ရုံ၊ ဟိုက်ဒရိုဂျင်ထုတ်လုပ်သည့် အလုပ်ရုံတို့ရှိ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

မွန်းလွဲပိုင်းတွင် မြစ်သားမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံ (မြစ်သား) သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထုတ်လုပ်သည့် ချည်များနှင့်ပတ်သက်၍ ချည်တစ်ပင်ချင်းစီ၏ ခိုင်အားကောင်းမွန်စေရန်နှင့် ချည်လုံးညီညာမှုရှိစေရေးတို့အတွက် အစဉ်တစိုက်လေ့လာပြီး သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းကောင်းမှ ကုန်ချောကောင်းမည်ဆိုသည့်အတိုင်း ကုန်ကြမ်းများ ဝယ်ယူသည့်အခါ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ကုန်ကြမ်းများကို စိစစ်ဝယ်ယူရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေးအတွက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကိုလည်း မြှင့်တင်ပေးရန်နှင့် စက်ပစ္စည်းကိရိယာများကိုလည်း လိုအပ်သည့် ချိန်ညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်မှာကြားသည်။

**ပြည်သူများနှစ်သက်သည့် အထည်များရက်လုပ်**

ထို့နောက် အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း) သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံနှင့် အရာထမ်းများကိုတွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အဝတ်အထည် လိုအပ်ချက်များကိုလည်း တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် သုံးစွဲသူပြည်သူများကြိုက်နှစ်သက်သည့် အဆင်ဒီဇိုင်းဖြင့် အထည်များကို ရက်လုပ်ကြရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင်လည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၄ ခုနှစ် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်ကစားသမားများ တက်ရောက်ကြသည်။





ဦးစွာပြည်ထောင်စုဝန်ကြီးက ဖူဆယ် အားကစားပြိုင်ပွဲတွင် ဝန်ကြီးရုံးနှင့် ဦးစီးဌာန လေးခုတို့မှ တာဝန်ထမ်းဆောင်နေသော အမျိုးသား လူငယ်ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးခြင်းဖြင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ရှင်သန်ထက်မြက်လာစေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကို မြင့်မားလာစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်ဖြစ်သော “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး” ဆိုသည့် အချက်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်ပါကြောင်း။

ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်ဝန်ထမ်းအားကစားသမားများအနေဖြင့် ယှဉ်ပြိုင်ခြင်းသာအဓိကဟူသည့် အားကစားစိတ်ဓာတ်ရှိရန်၊ စည်းကမ်းတကျ ပါဝင်ယှဉ်ပြိုင်ကြရန်နှင့် ဖွဲ့စိတ်ဓာတ်ကိုအရင်းခံ၍ တရားသော ယှဉ်ပြိုင်ခြင်းဖြင့် ပါဝင်ယှဉ်ပြိုင်၍ ကြိုးစားယှဉ်ပြိုင်ကြရန်နှင့် ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို ပဋ္ဌမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲဝင် ဖူဆယ်အသင်း၌ရွေးချယ်၍ ဝန်ကြီးဌာနဂုဏ်ဆောင်အားကစားသမားများ ဖြစ်လာစေရေး ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းပြောကြားပြီး (ဝဲပုံ) ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဖူဆယ်အားကစားပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်အဖြစ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ခ) အသင်းနှင့် လူမှုဖူလုံရေးအဖွဲ့ (ခ) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**သတင်းစဉ်**

# တာမွေမြို့နယ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း အများပြည်သူများသို့ ဝန်ဆောင်မှုပေးလျက်ရှိသည့် ဌာနဆိုင်ရာများအနေဖြင့် အဂတိလိုက်စားမှု လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုးအောင်က ဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာမွေမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်စုနန္ဒာဇော်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ စတင်အာဏာတည်၍ ပြဋ္ဌာန်းခဲ့သည့် ခုနှစ်၊ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် ဖော်ပြထားသည့် အဓိပ္ပာယ် ဖော်ပြချက်များနှင့် အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ဟိုင်းကြီးကျွန်း၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းကို ယနေ့နံနက်ပိုင်းက ကံချိုင်ရွာ၌ ဌာနဆိုင်ရာများပူးပေါင်း၍ ပေါင်းစပ်ဆောင်ရွက်သည်။

ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံက ရပ်ကွက် ကျေးရွာအတွင်းရှိမိဘပြည်သူများအနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါကို အလေးထားဂရုစိုက်ကြစေလိုကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကြရန်နှင့် အစားအစာသန့်ရှင်းရေး၊ သောက်သုံးရေသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျောက်ချောင်းတိုက်နယ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးသက်စိုးက ရောဂါလက္ခဏာများနှင့် မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေးပြောကြားခဲ့ပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့သည်များကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာအတွင်းရှိ ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ယင်လုံအိမ်သာများ စနစ်တကျဆောက်လုပ်ထားခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်မှု ပြီးဆုံးသွားသော်လည်း တင်းမာမှုများ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ဟစ်ဇ်ဘိုလာပြော

**ဂျေရုဆလင် ဩဂုတ် ၂၆**

လက်ဘနွန်အခြေစိုက် ရှီးယားမွတ်စလင်အဖွဲ့ ဟစ်ဇ်ဘိုလာခေါင်းဆောင်က ဂါဇာကမ်းမြောင်တွင် ဆက်လက်တိုက်ခိုက်နေသမျှ ထပ်မံတိုက်ခိုက်မှု ဖြစ်ပေါ်လာနိုင်ကြောင်း အလေးပေးပြောကြားကာ အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်မှု ပြီးမြောက်ကြောင်း ပြောကြားလိုက်သည်။

ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟာဆန်နာစရယ်လာသည် တနင်္ဂနွေနေ့က ပြောကြားသော မိန့်ခွန်းတွင် ထိုကဲ့သို့ မှတ်ချက်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။ ဟစ်ဇ်ဘိုလာအဖွဲ့က ယင်းနေ့အစောပိုင်းတွင် အစ္စရေးအခြေစိုက်စခန်းများနှင့် အခြားသော စစ်ရေးပစ်မှတ်များကို ဒုံးကျည် ၃၄၀၊ ဒရုန်း ဒါဇင်ပေါင်းများစွာတို့ဖြင့် ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် ဇူလိုင်လက ဘေရွတ်တွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ၎င်းတို့၏ အကြီးတန်းတပ်မှူးတစ်ဦး သေဆုံးခဲ့မှုကို လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောသည်။ စစ်ဆင်ရေးအောင်မြင်စွာ ပြီးမြောက်ကြောင်း နာစရယ်လာက အလေးပေး ပြောကြားထားသော်လည်း ရလဒ်များ လုံလောက်မှု မရှိပါက ထပ်မံတိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ ထို့ပြင် ဟစ်ဇ်ဘိုလာအဖွဲ့သည် ဂါဇာကို ဆက်လက်ပံ့ပိုးကူညီသွားမည်ဟုလည်း ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက အစ္စရေးတပ်မတော်သည် အစ္စရေးပြည်သူများနှင့် တပ်ဖွဲ့ဝင်များကို ရည်ရွယ်သော တာတိုပစ်ဒုံးကျည် ထောင်ပေါင်းများစွာကို ဖျက်ဆီးနိုင်ခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ပြောသည်။ အခြားတစ်ဖက်တွင် အစ္စရေးထောက်လှမ်းရေး တာဝန်ရှိသူများသည် ဂါဇာတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ဟားမားစ်အဖွဲ့က ဖမ်းဆီးထားသော ဓားစာခံများကို လွှတ်ပေးရေးတို့နှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးရန် အီဂျစ်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။




**အင်န်အိတ်ချ်ကေ**



ရေကြီးမှုကြောင့် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေသူများကို တွေ့ရစဉ်။

## အင်ဒိုနီးရှား၌ ၂၀၂၂ ခုနှစ်မှ ယခုအထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၈၈ ဦးရှိ

**ဂျကာတာ ဩဂုတ် ၂၆**

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စတင်တွေ့ရှိခဲ့သည့် မျောက်ကျောက်ရောဂါပိုး ကူးစက်ခံရသူ ၈၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီ ဆာဒီကင်က ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၄ ဦး ရှိသည်။ အင်ဒိုနီးရှားတွင် ကလိတ် -၂ ဘီ မျိုးကွဲကူးစက်ခံရမှုအဖြစ်များသဖြင့် သေဆုံးမှုနှုန်း နည်းပါးကာ ကူးစက်ခံရသူ အားလုံး ပြန်ကောင်းလာပြီဖြစ်ကြောင်း ဝန်ကြီး ဆာဒီကင်က ဂျကာတာတွင် သတင်းထောက်များအား ပြောကြားသည်။

မျောက်ကျောက်ရောဂါဖြစ်ပွားမှု ဂျကာတာတွင် အများဆုံး ၅၉ ဦးရှိပြီး အနောက်ဂျာဗားတွင် ၁၃ ဦး၊ ဘန်တန်တွင် ကိုးဦး၊ အရှေ့ဂျာဗားနှင့် ယိုဂျကာတာတွင် သုံးဦးစီနှင့်ရီယူတွင် တစ်ဦး ရှိသည်။

အင်ဒိုနီးရှားအစိုးရက လူပေါင်း ၂၂၂၅ ဦးအတွက် ကာကွယ်ဆေး ၄၄၅၀ ကို အဆင်သင့်ပြင်ထားပြီး နောက်ထပ်ပြန့်ပွားမှုကို တားဆီးရန်အတွက် လူတစ်ဦးလျှင် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးနိုင်ရန် စီစဉ်ထားသည်။ ၂၀၂၃ ခုနှစ်တွင် လူ ၄၉၅ ဦးကို ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုကြောင့် ၂၃ ဦး သေဆုံးပြီး ခြောက်သန်းနီးပါး ထိခိုက်

**ဒါကာ ဩဂုတ် ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသအနှံ့အပြားတွင် ရေကြီးမှုကြောင့် လူ ၂၃ ဦး သေဆုံးခဲ့ပြီး လူပေါင်း ခြောက်သန်းနီးပါး ထိခိုက်ခဲ့ကာ မိသားစု ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းအထိ ခရိုင် ၆၄ ခုအနက် ၁၁ ခုတွင် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၅၇၀၁၂၀၄ ဦး ထိခိုက်ခံစားခဲ့ရကြောင်း အမျိုးသားသဘာဝဘေးတုံ့ပြန်ရေး ညှိနှိုင်းမှုဗဟိုဌာနမှ သတင်းထုတ်ပြန်ထားသည်။ နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုကြောင့် လူ ၂၃ ဦး သေဆုံးခဲ့သည့်အပြင် ခရိုင် ၁၁ ခုတွင် မိသားစုပေါင်း ၁၂၃၈၀၄၈ ဦး ရေဘေးသင့်လျက်ရှိကာ လူနှစ်ဦးလည်း ပျောက်ဆုံးနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ပြင် ရေကြီးရေလျှံမှုကြောင့် နိုင်ငံအနှံ့အပြားရှိ အဆောက်အအုံများ၊ ကောက်ပဲသီးနှံများ၊ လမ်းများနှင့် အဝေးပြေးလမ်းများ ပျက်စီးဆုံးရှုံးမှုအများအပြား ဖြစ်ပေါ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ယာယီအစိုးရ၏ အကြံပေးအရာရှိချုပ် မိုဟာမက် ယူနတ်စ်က ပိတ်မိနေသူများကို ကယ်ဆယ်ရေး၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးရေးနှင့် ရေဘေးသင့်သူများအတွက် အလုံးစုံပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနအားလုံးကို ဩဂုတ် ၂၅ ရက်တွင် တောင်းဆိုခဲ့သည်။

တရုတ်နိုင်ငံ ကြက်ခြေနီအသင်းမှ အရေးပေါ် လူသားချင်းစာနာမှု အကူအညီအတွက် ဘင်္ဂလားဒေ့ရှ် လခြမ်းနီအသင်းသို့ အမေရိကန် ဒေါ်လာ ၁၀၀၀၀၀ လှူဒါန်းခဲ့သည့်အပြင် အကြံပေးအရာရှိချုပ်၏ ကယ်ဆယ်ရေးနှင့် လူမှုဖူလုံရေးရန်ပုံငွေသို့ ဒေါ်လာ ၂၀၀၀၀ လှူဒါန်းမည်ဟု တရုတ်သံရုံးက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## ဂါဇာပဋိပက္ခကာလအတွင်း စစ်လက်နက်ပစ္စည်း တန်ချိန် ၅၀၀၀၀ ကျော် အစ္စရေးရရှိ

**ဂျေရုဆလင် ဩဂုတ် ၂၆**

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသတွင် စစ်ဆင်ရေးစတင်ချိန်မှစ၍ စစ်လက်နက်ပစ္စည်းများနှင့် ခဲယမ်းမီးကျောက် တန်ချိန် ၅၀၀၀၀ ကျော် လက်ခံရရှိထားကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

ယင်းလက်နက်ပစ္စည်းများတွင် သံချပ်ကာယာဉ်များ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာကိရိယာများ ပါဝင်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။ ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေး - လက်ဘနွန်နယ်စပ်တစ်လျှောက် ဟစ်ဇ်ဘိုလာတို့နှင့် ဆက်လက်ဖြစ်ပွားနေသောစစ်ပွဲအတွင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဆင်ရေးစွမ်းရည်ကို တည်တံ့ခိုင်မြဲစေရန်အတွက် စစ်ဘက်ဆိုင်ရာထောက်ပံ့မှုများသည် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါလက်နက်ပစ္စည်းများကို မည်သည့်နိုင်ငံမှ ဝယ်ယူခဲ့သည်ကို ဝန်ကြီးဌာနက ထုတ်ဖော်ပြောဆိုခြင်း မရှိသော်လည်း လက်နက်များနှင့် ခဲယမ်းမီးကျောက်အများစုကို အမေရိကန်နှင့် ဥရောပမှ ဝယ်ယူခဲ့ကြောင်း အစ္စရေးအစိုးရအရာရှိများက ယခင်က ပြောကြားထားသည်။

ဂါဇာကမ်းမြောင်တွင် ပဋိပက္ခစတင်ခဲ့သည့်အချိန်မှစ၍ အစ္စရေးဘက်မှ ဓားစာခံ ၂၅၀ ဖမ်းဆီးခံရမှုအပြင် လူပေါင်း ၁၂၀၀ ခန့်သေဆုံးခဲ့ပြီး ပါလက်စတိုင်းဘက်တွင် လူပေါင်း ၄၀၄၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ**



## ထိုင်းနိုင်ငံ၌ ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် ၂၂ ဦး သေဆုံး

**ဘန်ကောက် ဩဂုတ် ၂၆**

ထိုင်းနိုင်ငံတစ်ဝန်း ရုတ်တရက်ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများကြောင့် ၂၂ ဦး သေဆုံးကာ အခြား ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားသည်။

ထို့ပြင် ဩဂုတ် ၁၆ ရက် နောက်ပိုင်း ပြည်နယ် ၁၃ ခုရှိ အိမ်ထောင်စု ၃၀၉၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

အာဏာပိုင်များသည် မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းမှုများကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုများကို လျော့ပါးစေရေး အရှိန်မြှင့် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံမြောက်ပိုင်း ပြည်နယ်ငါးခုမှ ကျန်ရှိနေသည့် ရေဘေးသင့် ကျေးရွာ ၇၃၇ ရွာကို ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးပေးလျက်ရှိကြောင်း ဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးရေးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင်ကြာသပတေးနေ့အထိ လေပြင်းတိုက်ခတ်မှု၊ ရုတ်တရက် ရေကြီး ရေလျှံမှုများအတွက်လည်း သတိရှိကြရန် အဆိုပါဌာနက နိုင်ငံတစ်ဝန်း ပြည်နယ် ၃၁ ခုရှိ ဒေသခံများကို သတိပေးထားသည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နေပြည်တော်ကောင်စီ သန်းခေါင်စာရင်းဆိုင်ရာ တိုင်းအဆင့်နည်းပြသင်တန်း ဖွင့်လှစ်ပို့ချနေမှုကြည့်ရှု

နေပြည်တော် ဩဂုတ် ၂၆

**ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ တိုင်းအဆင့်နည်းပြသင်တန်းသို့ သွားရောက်ကြည့်ရှု အားပေးသည်။**



**ကောက်ကွက်များအပြည့်အဝကောက်နိုင်ရေး**

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် ခရိုင်အဆင့် ဆင့်ပွား နည်းပြသင်တန်းများနှင့် မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို ဆက်လက်ပို့ချ ဆွေးနွေးဆောင်ရွက်ကြရမည် ဖြစ်သည့်အတွက် သင်တန်းမှပို့ချချက်များကို မိမိတို့၏ အတွေ့အကြုံများနှင့်ပေါင်းစပ်ကာ မြေပြင်တွင်ကြုံတွေ့ရမည့် အခက်အခဲများအပေါ် ကျော်လွှားဖြေရှင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နည်းပညာအသုံးပြု မေးမြန်းကောက်ယူမည် ဖြစ်သည့်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တတ်ကျွမ်းနားလည်သိရှိထားကြရန် လိုကြောင်း၊ သတ်မှတ်ကောက်ကွက်များအလိုက် မထပ်မကျန် အပြည့်အဝ ကောက်ယူနိုင်ရေးအတွက်လည်း ဒေသအာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက ရုံးချုပ်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ **(ယာပုံ)**

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် နည်းပြများနှင့် တာဝန်ရှိသူများက သင်တန်းပို့ချမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သန်းခေါင်စာရင်းဆိုင်ရာ သင်တန်းပို့ချနေမှုကိုကြည့်ရှုကာ သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး အတွက် ဗဟိုအဆင့်နည်းပြသင်တန်းကို နေပြည်တော်(ရုံးချုပ်)၌ ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အဆိုပါနည်းပြသင်တန်းဆင်းအရာရှိများက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သည့် တိုင်းအဆင့်နည်းပြသင်တန်းများတွင် ဆင့်ပွား ရှင်းလင်းပို့ချလျက်ရှိကြောင်းနှင့် ခရိုင်အဆင့် နည်းပြသင်တန်းများနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို သတ်မှတ်ရက်များအတိုင်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ (၇) ကြိမ်မြောက် အာဆီယံ+ ၃ နိုင်ငံများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေး ဆက်လက်တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် Buriram Chang Arena ၌ ကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံ + ၃ နိုင်ငံ အစည်းအဝေးကို တက်ရောက်သည်။



အဆိုပါ အစည်းအဝေးကို "ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေး" ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိအဖြစ် ထိုင်းနိုင်ငံက ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများနှင့် + ၃ နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၏ ဒစ်ဂျစ်တယ် ပညာရေးစနစ်ဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြပြီး အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံ + ၃ နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်ပညာရေးစနစ် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်နှင့် အာဆီယံနိုင်ငံများအားလုံးမှနိုင်ငံအလိုက် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ အဆိုပါအစည်းအဝေးမှ ပူးတွဲကြေညာချက်တစ်ရပ်ကို ဆွေးနွေးအတည်ပြုခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ **(ဝဲပုံ)**အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယား၊ ရုရှား၊ အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံအလိုက် ဒစ်ဂျစ်တယ်ပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ဒစ်ဂျစ်တယ်ပညာရေးစနစ် ပူးပေါင်းဆောင်ရွက်မှုများကို အကြံပြုချက်များနှင့်အညီ ဆက်လက်တိုးမြှင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။ ယခုအစည်းအဝေးမှ ပူးတွဲကြေညာချက်တစ်ရပ်ကို အတည်ပြုခဲ့ကြပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေး အပြီးတွင် အိမ်ရှင်ထိုင်းနိုင်ငံက ခင်းကျင်းပြသထားသော ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"လှပသာယာ ပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁ - ၁၀ - ၂၀၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၈) ဦး တွေ့ရှိ

(၂၆-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၈-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၇၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အထက်မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ ချည်မျှင်ရှည်ဝါသီးနှံ စတင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်အတွင်းရှိ ပန်းတော်ပြင်၊ ရေခါး၊ ကုန်းကြီး၊ တောင်ဦး၊ လယ်လှနှင့် ဒေါင်းဘုတ် စသည့်ကျေးရွာများ၌ ချည်မျှင်ရှည်ဝါသီးနှံကို ဩဂုတ်လတတိယပတ်မှ စတင်၍ စိုက်ပျိုးလျက်ရှိပြီး စိုက်ဧက ၈၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



ချည်မျှင်ရှည်ဝါမျိုးအနေဖြင့် ဝါအထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေး ကောင်းမွန်သည့် ရွှေတောင်-၈ နှင့် ရွှေတောင်-၁၀ မျိုးများကို စိုက်ပျိုးကြပြီး ရွှေတောင်-၁၀ မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ အစေ့ချစနစ်ဖြင့်လည်းကောင်း၊ ကြဲပက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးကြပြီး ဝါမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် မျိုးစေ့ ၇ ပိဿာခန့် စိုက်ပျိုးရပြီး စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ ကျော် အကြာတွင် ဝါသီးနှံများကို ခူးဆွတ်နိုင်ကြောင်း သိရသည်။

စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်အားခအပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ဝါပိဿာချိန် ၅၀၀ ကျော် ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀-၃၂၀၀ ဖြင့် ရောင်းချရကြောင်း၊ ဝါသီးနှံသည် ရာသီဥတုအပေါ်မူတည်၍ အထွက်နှုန်း ကွာခြားချက်ရှိပြီး ယခင်နှစ်က မင်းလှမြို့နယ်၌ ရာသီဥတုအခြေအနေကြောင့် ဝါသီးနှံ အထွက်နှုန်း လျော့နည်းခဲ့သော်လည်း ဈေးကောင်း ရရှိသောကြောင့် ဝါစိုက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ဝါပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း ဝါစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

## မုံရွာမြို့နယ်တွင် ကွမ်းဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးလျက်ရှိရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။



ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဩဂုတ်လပထမပတ်တွင် ငွေကျပ် ၃၀၀၀-၃၅၀၀ ဖြင့် လည်းကောင်း၊ ဩဂုတ်လဒုတိယပတ်တွင် ငွေကျပ် ၄၅၀၀-၅၀၀၀ ဖြင့် လည်းကောင်း၊ ဩဂုတ်လတတိယပတ်တွင် ငွေကျပ် ၈၀၀၀-၈၅၀၀ ဖြင့်လည်းကောင်း ဈေးနှုန်းမြင့်တက်၍ ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် မုံရွာမြို့ ကွမ်းအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချပြီး မိုးရွာသွန်းမှုများပြားကာ ကွမ်းခြံများအတွင်း ရေဝင်ရောက်၍ ကွမ်းခြံများ ပျက်စီးဆုံးရှုံးခြင်းကြောင့် ဈေးကွက်အတွင်း ကွမ်းတင်ပို့နိုင်မှု လျော့နည်းသွားသည့်အတွက် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။ **DOCA(စစ်ကိုင်း)**

## ပန်းထိမ်ငိုပန်း စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိကာ တောင်သူများ အဆင်ပြေလျက်ရှိ

မကွေးတိုင်းဒေသကြီးရှိ မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ တောင်တွင်းနှင့် နတ်မောက်မြို့နယ်များရှိ ကျေးရွာများ၌ နှမ်း၊ မြေပဲ၊ ကြက်သွန်နီနှင့် ပဲမျိုးစုံတို့ကို နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး ပန်းထိမ်ငိုပန်းများလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပန်းထိမ်ငိုပန်း ခြောက်ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပန်းထိမ်ငိုပန်းမျိုးများကို ပြင်ဦးလွင်မှ မှာယူပြီး စိုက်ပျိုးရာတွင် မြေကို (ပေါင်) ခတ်ပြုပြင်၍ ပင်ကြားတန်းကြားစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ပန်းထိမ်ငိုပန်း (အဖြူ) မျိုးနှင့် (ခရမ်း) မျိုးများကို စိုက်ပျိုး၍ တစ်ဧကလျှင် မျိုးဥပိဿာချိန် ၃၀၀-၃၅၀ ခန့် စိုက်ပျိုးရကြောင်း၊ ပန်းထိမ်ငိုပန်းသည် အစိုဓာတ်ရှိသော မြေ၌ အောင်မြင်ဖြစ်ထွန်းပြီး ဧပြီလတွင် စိုက်ပျိုး၍ ဇွန်လတွင် စတင်ခူးဆွတ်ရောင်းချကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၅ သိန်းခန့် ကုန်ကျပြီး ရောင်းတန်းဝင် ပန်းပင်အရေအတွက် ၇၅၀၀၀ ခန့် ရရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၈၂ သိန်းခန့်ရရှိကာ စိုက်ပျိုးတောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းကျေးရွာများမှ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် တောင်တွင်းကြီးမြို့နှင့် မကွေးမြို့တို့ရှိ ပန်းအရောင်းဆိုင်ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**



## ၂၆.၈.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၁၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၆၈၉၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၁၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၆၉၇၀ | ၁၅၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၄၅၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၈၃၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၇၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၁၀၀၀ | ၆၇၇၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၂၀၀ | ၇၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၈၅၀၀ | ၇၃၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၂၀၅၀၀ | ၇၃၆၅ | ၁၂၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၇၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၃၀၀ | ၅၀၅၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၇၅၀၀ | ၇၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၅၀ | ၈၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၉၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ဖျာပုံ/ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၂၃၅ | ၁၁၅၀၀ | ၂၆၀၀ | ၁၃၈၀၀ | ၁၉၅၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၂၃၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၄၄၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၅၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၃၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၅၀၀၀ |

# ဝန်းကျင်လေထုအရည်အသွေး ကောင်းမွန်သန့်ရှင်းရေး

**ယနေ့ကမ္ဘာပေါ်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေထဲမှာ လေထုညစ်ညမ်းမှုဟာလည်း ပိုမိုကြီးမားလာနေတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ လေထုထဲမှာ မလိုလားအပ်တဲ့ ဓာတုပစ္စည်းနဲ့ အခြားအရာတွေ ရောနှောပါဝင်နေတာကြောင့် လေရဲ့အရည်အသွေးကျဆင်းခြင်းကို လေထုညစ်ညမ်းမှုလို့ ခေါ်ဆိုကြပါတယ်။**

**ကျော်နိုင်ဦး (ပတ်ဝန်းကျင်)**

ညစ်ညမ်းတဲ့လေတွေကို နေ့စဉ်ရှူရှိုက်နေရရင် လူသားနဲ့သက်ရှိသတ္တဝါတွေဟာ အရွယ်မတိုင်မီ အသက်သေဆုံးနိုင်ပြီး ကောက်ပဲသီးနှံတွေနဲ့ သစ်တော၊ သစ်ပင်တွေကိုလည်း ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်က သက်ရှိတွေအားလုံးကျန်းကျန်းမာမာ ရှင်သန်နေထိုင်နိုင်ဖို့ သန့်ရှင်းတဲ့လေကို ရှူရှိုက်ခွင့်ရရှိရေးဟာ လွန်စွာအရေးကြီးလှပါတယ်။

**လေထုညစ်ညမ်းမှုဖြစ်ရခြင်း၏ အကြောင်းရင်းများ**

လေထုညစ်ညမ်းမှုဟာ တောမီးလောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစတဲ့ သဘာဝဖြစ်စဉ်တွေကြောင့် ဖြစ်ပေါ်နိုင်သလို လူသားတွေရဲ့ လုပ်ဆောင်မှုအမျိုးမျိုးကြောင့်လည်း ဖြစ်ပေါ်ရပါတယ်။ လူသားတွေရဲ့လုပ်ဆောင်မှုတွေကို ကြည့်မယ်ဆိုရင် စက်ရုံ အလုပ်ရုံတွေ၊ မော်တော်ယာဉ်တွေ၊ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ တိုးတက်များပြားလာမှုကတစ်ဆင့် ထွက်ပေါ်လာတဲ့ အခိုးအငွေ့နဲ့အမှုန်အမွှားတွေကြောင့်ပဲ ဖြစ်ပါတယ်။ ကမ္ဘာ့လေထုထဲမှာ လေထုညစ်ညမ်းမှုကိုဖြစ်စေတဲ့အရာ ပစ္စည်းတွေ အမျိုးပေါင်း ၁၀၀ ခန့် ရှိနိုင်ပါတယ်။ ၎င်းအနက်မှ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေတဲ့ အဓိကပစ္စည်းတွေကတော့ ဆာလ်ဖာအောက်ဆိုဒ် ($SO_x$)၊ နိုက်ထရိုဂျင်အောက်ဆိုဒ်($NO_x$)၊ ကာဗွန်မိုနောက်ဆိုဒ်(CO)၊ အလွန်သေးငယ်တဲ့အမှုန်အမွှားတွေ(PM)၊ အငွေ့ပြန်လွယ်တဲ့ အော်ဂဲနစ်ဒြပ်ပေါင်းတွေ (VOCs)၊ ရေဒီယိုသတ္တိကြွပစ္စည်းတွေ၊ ခဲ၊ ပြဒါးကဲ့သို့ အဆိပ်သင့်စေတဲ့သတ္တုတွေ၊ အမိုးနီးယား ($NH_3$) နဲ့ စွန့်ပစ်ပစ္စည်းတွေ၊ မိလ္လာနဲ့ အညစ်အကြေးတွေ၊ စက်မှုလုပ်ငန်းတွေကထွက်တဲ့ အနံ့ဆိုးတွေဖြစ်ပါတယ်။ ဒ့ါအပြင် ဆင့်ပွားညစ်ညမ်းမှုတွေဖြစ်တဲ့ မီးခိုးမြူငွေ့ (Smog) နဲ့ မြေပြင်ရှိ အိုဇုန်းဓာတ်ငွေ့ (Ground Level Ozone) တွေဟာလည်း လေထုညစ်ညမ်းမှု အဓိကဖြစ်ပေါ်စေတဲ့အရာတွေ ဖြစ်ပါတယ်။

အဆိုပါ လေထုညစ်ညမ်းစေတဲ့ပစ္စည်း (Pollu-tants)တွေဟာ ကျောက်မီးသွေး၊ ရေနံစတဲ့ ရုပ်ကြွင်းလောင်စာတွေ လောင်ကျွမ်းတဲ့အခါ (ဒါမှမဟုတ်) အပြည့်အဝမလောင်ကျွမ်းတဲ့အခါ၊ စက်မှုလုပ်ငန်းအမျိုးမျိုး၊ မော်တော်ယာဉ်တွေရဲ့ အိပ်ဇောပိုက်တွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေနဲ့ တောမီးလောင်ကျွမ်းခြင်း စတာတွေကြောင့် ထွက်ရှိလာပြီး အန္တရာယ်ကြီးမားလှတဲ့ ကမ္ဘာ့လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်လာစေပါတယ်။

**လူ့ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ**

လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေတဲ့ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့($SO_2$) တွေဟာ စူးရှပြီး မနှစ်မြို့ဖွယ်အနံ့ရှိကာ ရှူရှိုက်မိပါက နှာခေါင်းနဲ့ လည်ချောင်းကို ယားယံစေခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရင်ဘတ်တစ်ဝိုက် တင်းကျပ်တဲ့ ဝေဒနာခံစားရခြင်း စတဲ့ရောဂါတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့($NO_2$) တွေကို အချိန်ကြာကြာရှူရှိုက်မိရင် ချောင်းဆိုးရင်ကျပ်ခြင်း၊ အဆုတ်ရဲ့လုပ်ငန်းစဉ်တွေကို ယုတ်လျော့စေခြင်း၊ ပန်းနာရင်ကျပ်ရောဂါအခံရှိသူတွေ ပိုမိုထိခိုက်ခံစားလွယ်ခြင်း၊ အရေပြားယားယံခြင်း စတဲ့ဝေဒနာတွေ ခံစားရနိုင်ပါတယ်။ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့ (CO) တွေဟာ ခေါင်းကိုက်ခြင်း၊ အားနည်းခြင်း၊ ပျို့အန်ခြင်း၊ ရင်ဘတ်အောင့်ခြင်းနဲ့ အချိန်ကြာမြင့်စွာ ရှူရှိုက်မိပါက အသက်သေဆုံးခြင်းအထိပင် ဖြစ်စေနိုင်ပါတယ်။ အလွန်သေးငယ်တဲ့အမှုန်အမွှားများ ($PM_{2.5}$ နဲ့ $PM_{10}$) တို့ဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့် အဆုတ်အတွင်းထဲအထိ ရောက်ရှိနိုင်ပြီး နှလုံးရောဂါနဲ့ အဆုတ်ကင်ဆာရောဂါတွေအထိ ဖြစ်ပွားနိုင်ပါတယ်။ မြေပြင်ရှိ အိုဇုန်းဓာတ်ငွေ့ (Ground Level Ozone) တွေဟာ အဆုတ်ကို ထိခိုက်စေနိုင်ပြီး ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာဖြစ်ပွားလွယ်ခြင်းနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။

ယနေ့ခေတ်ကမ္ဘာပေါ်မှာ သန့်ရှင်းလတ်ဆတ်တဲ့လေကို မရှူကြရတဲ့ လူသားသန်းပေါင်းများစွာ ရှိနေပါတယ်။ UNEP ရဲ့ ၂၀၂၂ ခုနှစ် စစ်တမ်းတွေအရ ညစ်ညမ်းတဲ့လေကို ရှူရှိုက်နေကြရလို့ အကြမ်းဖျင်းအားဖြင့် နှစ်စဉ်လူဦးရေ ၈ ဒသမ ၁ သန်းခန့်ဟာ အရွယ်မတိုင်မီ သေဆုံးနေရကြောင်း၊ ၎င်းတို့အနက် အိမ်တွင်းနဲ့ ပြင်ပလေထုညစ်ညမ်းမှုကြောင့် အသက်ငါးနှစ်အောက် ကလေးငယ်တွေ သေဆုံးမှုဟာ ခုနစ်သိန်းကျော် အထိရှိကြောင်း သိရှိရပါတယ်။ အရွယ်မတိုင်မီ သေဆုံးမှုတွေမှာဆိုရင် နှလုံးရောဂါ၊ အဆုတ်ကင်ဆာ၊ နာတာရှည်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ လေဖြတ်ခြင်း စတဲ့ရောဂါတွေ ဖြစ်ပွားမှုကြောင့် သေဆုံးရတာဖြစ်ပါတယ်။

**လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု**

လေထုညစ်ညမ်းမှုနဲ့ ရာသီဥတုပြောင်းလဲမှုတို့ဟာ တိုက်ရိုက်ဆက်နွှယ်နေပါတယ်။ ရုပ်ကြွင်းလောင်စာတွေ လောင်ကျွမ်းရာက ထုတ်လွှတ်



စက်ရုံများမှ ထွက်ရှိလာသော မီးခိုးငွေ့များ။

လိုက်တဲ့ လေထုညစ်ညမ်းစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်အောက်ဆိုဒ်၊ မီသိန်းနဲ့ အခြားမှန်လုံအိမ်ဓာတ်ငွေ့တွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေပြီး အကျိုးဆက်အဖြစ် ကမ္ဘာ့အပူချိန်မြင့်တက်လာကာ ကမ္ဘာတစ်ဝန်းလုံးမှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်ပေါ်လာရပါတယ်။ ပြောင်းလဲဖောက်ပြန်လာတဲ့ ရာသီဥတုအခြေအနေတွေကြောင့် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းစတဲ့ သဘာဝဘေးဆိုးတွေဟာ ဟိုယခင်ကထက် အကြိမ်ရေများများနဲ့ ပြင်းပြင်းထန်ထန် ခံစားလာကြရပါတယ်။ လက်ရှိအချိန်မှာ ကမ္ဘာ့နိုင်ငံတွေအားလုံးက ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်နိုင်ဖို့ နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာ လေထုညစ်ညမ်းမှု

- **လေထုညစ်ညမ်းမှုလျှော့ချနိုင်ဖို့အတွက် အဓိကဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ကတော့ ရုပ်ကြွင်းလောင်စာတွေ အများအပြားသုံးစွဲနေမှုအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) တွေကို အစားထိုးသုံးစွဲခြင်းပဲဖြစ်**
- **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုတာ စဉ်ဆက်မပြတ်ရရှိနိုင်တဲ့ စွမ်းအင်တွေဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ကာ လေထုညစ်ညမ်းစေတဲ့ ပစ္စည်းတွေနဲ့ မှန်လုံအိမ်ဓာတ်ငွေ့တွေ တိုက်ရိုက်ထုတ်လွှတ်မှုမရှိတဲ့ စွမ်းအင်တွေဖြစ်၊ ဥပမာ - ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်နှင့် ဘူမိအပူစွမ်းအင်**

လျှော့ချရေးဟာ အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လို့ နေပါတယ်။

**လေထုညစ်ညမ်းမှုလျှော့ချရေး နည်းလမ်းများ**

လေထုညစ်ညမ်းမှုလျှော့ချနိုင်ဖို့အတွက် အဓိကဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ကတော့ ရုပ်ကြွင်းလောင်စာတွေ အများအပြားသုံးစွဲနေမှုအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) တွေကို အစားထိုးသုံးစွဲခြင်းပဲ ဖြစ်ပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုတာ စဉ်ဆက်မပြတ်ရရှိနိုင်တဲ့ စွမ်းအင်တွေဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ကာ လေထုညစ်ညမ်းစေတဲ့ပစ္စည်းတွေနဲ့ မှန်လုံအိမ်ဓာတ်ငွေ့တွေ တိုက်ရိုက်ထုတ်လွှတ်မှုမရှိတဲ့ စွမ်းအင်တွေဖြစ်ပါတယ်။ (ဥပမာ – ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်နှင့် ဘူမိအပူစွမ်းအင်တွေဖြစ်ပါတယ်။ )

ဒုတိယလုပ်ငန်းစဉ်ကတော့ အစိမ်းရောင်နည်းပညာ (Green Technology) တွေ ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးပင် ဖြစ်ပါတယ်။ အစိမ်းရောင်နည်းပညာဆိုတာ ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေတဲ့ နည်းပညာတွေဖြစ်ပါတယ်။ ဓာတ်ဆီ၊ ဒီဇယ်သုံးစွဲတဲ့ မော်တော်ယာဉ်တွေအစား လျှပ်စစ်ယာဉ်တွေ တီထွင်အသုံးပြုတဲ့နည်းပညာတွေ၊ လေသန့်စင်တဲ့ နည်းပညာတွေ၊ သုံးစွဲပြီး စက္ကူ၊ ပလတ်စတစ်၊ စွန့်ပစ်ပစ္စည်းတွေကို ပြန်လည်ပြုပြင်ထုတ်လုပ်တဲ့နည်းပညာတွေ စတာတွေဟာ အစိမ်းရောင်နည်းပညာတွေပဲ ဖြစ်ပါတယ်။

လေထုညစ်ညမ်းမှု လျှော့ချနိုင်ဖို့အတွက် တတိယလုပ်ငန်းစဉ်ကတော့ သစ်တောသစ်ပင်တွေ တိုးမြှင့်စိုက်ပျိုးခြင်းဖြစ်ပါတယ်။ သစ်ပင်တွေဟာ လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေကို စုပ်ယူပြီး နေရောင်ခြည်စွမ်းအင်ရဲ့ အကူအညီနဲ့ အစာချက်လုပ်ကာ ကျွန်ုပ်တို့လူသားတွေအသက်ရှင်ဖို့ အဓိကလိုအပ်တဲ့ အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးတာ အားလုံးသိရှိထားကြပြီးဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဟာ ကမ္ဘာကြီးကိုပူနွေးစေတဲ့ မှန်လုံအိမ်ဓာတ်ငွေ့တွေအနက် အဓိကကျတဲ့ ဓာတ်ငွေ့တစ်မျိုးဖြစ်တာကြောင့် သစ်တောသစ်ပင်တွေ ပြုစုစိုက်ပျိုးထိန်းသိမ်းခြင်းဟာ ဝန်းကျင်လေထုကို သန့်စင်စေရုံသာမက မှန်လုံအိမ်အာနိသင်ကို လျှော့ချနိုင်ပြီး ကမ္ဘာကြီးပူနွေးလာမှုနဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ဟန့်တားတိုက်ဖျက်နိုင်မှာ အသေအချာပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့မြန်မာနိုင်ငံအနေနဲ့ သဘာဝအတိုင်း တည်ရှိနေတဲ့ သစ်တောကြီးတွေကို ထာဝစဉ်တည်တံ့စေဖို့ ထိန်းသိမ်းစောင့်ရှောက်ကြရမှာဖြစ်တဲ့အပြင် သစ်တောစိုက်ခင်းတွေ တည်ထောင်ခြင်းနဲ့ လမ်းဘေးဝဲယာနဲ့ အများပိုင်နေရာတွေ၊ စာသင်ကျောင်းတွေ၊ ရုံးတွေမှာ သစ်ပင်တွေကို အင်တိုက်အားတိုက် နှစ်စဉ်စိုက်ပျိုးကြရပါမယ်။

ဒါကြောင့် လေထုညစ်ညမ်းမှု လျှော့ချဖို့အတွက်ဆိုရင် ကျွန်ုပ်တို့လူသားတစ်ဦးတစ်ယောက်ချင်းစီအနေနဲ့ စွမ်းအင်ကို ချွေတာသုံးစွဲခြင်း၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေကို တတ်နိုင်သမျှ လျှော့ချသုံးစွဲခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်တွေ ရယူသုံးစွဲခြင်း၊ အမှိုက်တွေ မီးရှို့ခြင်းကို ရှောင်ကြဉ်ခြင်း၊ Reduce, Reuse, Recycle ဆိုတဲ့ (3Rs) စနစ်ကို လိုက်နာကျင့်သုံးခြင်းနဲ့ သစ်ပင်တွေပြုစုစိုက်ပျိုးခြင်း စတာတွေကို လက်တွေ့ကျကျ လိုက်နာဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့**

ယနေ့လူသားတွေရဲ့ တီထွင်ကြံဆ ဆောင်ရွက်ချက်တွေကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုရဲ့ နောက်ကွယ်မှာ လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်စေလျက်ရှိပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနဲ့လည်း တိုက်ရိုက်ချိတ်ဆက်နေတာကြောင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်မှသာလျှင် သန့်ရှင်းသော ပတ်ဝန်းကျင်နဲ့

*စာမျက်နှာ ၁၇ သို့*

# အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်



**ဘားအံ ဩဂုတ် ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး နှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဖြင့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်း နည်းသင်တန်းနှင့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတို့၏ ဖွင့်ပွဲကို ဩဂုတ် ၂၆ ရက်က ဘားအံမြို့နယ် ကမော့ကစင် ကျေးရွာ ဉဿျစ်ကုန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ကရင်ပြည်နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တွင် မိသားစုဝင်ငွေတိုးစီမံကိန်းခုနစ်ခုကို ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စီမံ ကိန်းလေးခု၊ ကော့ကရိတ်ခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှစီမံကိန်းတစ်ခု၊ ရက်ကန်း နှင့် အသက်မွေးပညာသင်တန်းကျောင်း(ဘားအံမြို့) မှ စီမံကိန်းနှစ်ခုဖြင့် အကောင်အထည်ဖော် ဆောင် ရွက်သွားမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းသား သင်တန်း သူများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းများထူထောင်ပြီး ဒေသအကျိုး၊နိုင်ငံအကျိုးကိုသယ်ပိုးဆောင်ရွက်နိုင် သည့်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အသေးစား စက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ခန့်က စီမံကိန်းသင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက စီမံကိန်းသင်တန်း များဆောင်ရွက်ရန် သင်တန်းတစ်မျိုးလျှင်ငွေကျပ် သိန်း ၁၂၀ စီကို လည်းကောင်း၊ စားသောက်ကုန် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို လည်းကောင်း၊ မော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်းသုံး လုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ ကျေးရွာ စီမံကိန်းကော်မတီအဖွဲ့ခေါင်းဆောင်များအား စီမံ ကိန်း အကျိုးများကိုလည်းကောင်း ပေးအပ်ခဲ့ကြ သည်။

ယနေ့ဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် ကမော့ကစင်ကျေးရွာ၌ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိလည်းကောင်း၊ အခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းကို သင်တန်းသား သင်တန်းသူ ၁၀ ဦးဖြင့် မြိုင်ကလေးရွာကြီးကျေးရွာ၌ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိလည်းကောင်း ကျေးလက် နေမိသားစုဝင်ငွေတိုး စီမံကိန်းသင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်း ပြီးဆုံးပါက လုပ်ငန်းထူထောင်လုပ်ကိုင်ရန် အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသော ထူးချွန် သင်တန်းသား သင်တန်းသူ ငါးဦးစီကိုရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်း တန်ဖိုးနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများကို ရင်းနှီးမတည်ပေးသွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့၏ ဦးဆောင်မှုဖြင့် မျောက် ကျောက်ရောဂါ ကာကွယ်ထိန်းချုပ် ရေးနှင့် ကုသရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက်က တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ မုံရွာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိက ဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသ ကြီးအတွင်းရှိ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘို ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှု ရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ မြင့်ကျော်က မျောက်ကျောက် ရောဂါအကြောင်းနှင့် ကာကွယ် ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်း ဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီး ခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မျောက်ကျောက် ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။



ယင်းနောက် အစည်းအဝေး သို့ တက်ရောက်လာသူများက မျောက်ကျောက်ရောဂါ ကာကွယ် ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်း ဆိုင်ရာများနှင့် ပတ်သက်၍ မိမိတို့ ဌာနများအလိုက် ပူးပေါင်းဆောင် ရွက်သွားမည့် အခြေအနေများ ကို အထွေထွေဆွေးနွေးတင်ပြ ကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝင်များက တိုင်းဒေသကြီးအတွင်း မျောက်ကျောက်ရောဂါ ဖြစ်ပွား လာပါက ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေး လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြုဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များ ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲ (Asia Junior Exchange Games 2024) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့များသည် ယနေ့ညနေပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်း သန်း၊ မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင် နှင့် အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ မိဘဆွေမျိုးများ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအားကစားအဖွဲ့တွင် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ အုပ်ချုပ်သူအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် နည်းပြတစ်ဦး၊ အားကစားသမားခြောက်ဦး၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် မှ အုပ်ချုပ်သူအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြတ်ကျော်နှင့် နည်းပြ တစ်ဦး၊ အားကစားသမားခြောက်ဦး၊ Para စားပွဲတင်တင်းနစ်မှ အုပ်ချုပ်သူ/နည်းပြတစ်ဦး၊ အားကစားသမားတစ်ဦး စုစုပေါင်း ၂၀ တို့ လိုက်ပါသွားကြောင်း သိရသည်။

**အာကာစိုး**




# ရပ်စောက်မြို့၌ မိုးရာသီဘောလုံးပြိုင်ပွဲကျင်းပပြီးစီး

**ရပ်စောက် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ရပ်စောက်မြို့ အခြေခံပညာ အထက်တန်း ကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာ သင်နှစ် မိုးရာသီကျောင်းကောင်စီ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်း အနားကို ယမန်နေ့က အဆိုပါ ကျောင်းဝင်းအတွင်းရှိ ဘောလုံး ကွင်း၌ ကျင်းပသည်။

ဦးစွာ ဆုပေးပွဲအခမ်းအနား တွင် မြို့နယ်ပညာရေးမှူး ဦးမြင့် က အမှာစကားပြောကြားခဲ့ပြီး အထက်တန်းအဆင့် ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲကို ဆက်လက် ကျင်းပသည်။

ယင်းနောက် ဆုပေးပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ မိုးရာသီကျောင်းကောင်စီဘောလုံး ပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်း အဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိ သည့် အသင်းများနှင့် တစ်ဦးချင်း အကောင်းဆုံးဆုများကို မြို့နယ် ပညာရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစား မှူး ဦးမြတ်သူ၊ ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ကောင်းမွန်တဲ့ ဂေဟစနစ်ကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်မှာကျင်းပပြုလုပ်ခဲ့တဲ့ (၇၄) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် စက်တင်ဘာ ၇ ရက်ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies) အဖြစ် သတ်မှတ် ခဲ့ကြတာဖြစ်ပါတယ်။ အလွှာအသီးသီးက ကမ္ဘာ့ ပြည်သူတွေအားလုံးဟာ အရေးပေါ်လိုအပ် လာပြီဖြစ်တဲ့ လေထုညစ်ညမ်းမှု လျှော့ချရေး အကြောင်းကို ပိုမိုအလေးထား သိရှိလာစေဖို့နဲ့ လေထုအရည်အသွေး မြှင့်တင်ရေးလုပ်ငန်းတွေ ပွံ့ပိုးမြှင့်တင်ပေးနိုင်ကြဖို့ ရည်ရွယ်သတ်မှတ်ခဲ့တာ လည်းဖြစ်ပါတယ်။ ကျွန်ုပ်တို့မြန်မာနိုင်ငံအနေနဲ့ လည်း လေထုညစ်ညမ်းမှုအန္တရာယ်ကို ကိုင်တွယ် ဖြေရှင်းရာမှာ အခြားသော ကမ္ဘာ့နိုင်ငံတွေနည်းတူ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနဲ့ လိုက်ပါဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။

**လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြပါစို့**

စက်မှုလုပ်ငန်းတွေအပါအဝင် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းတွေ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက် ကြတဲ့အခါ လေထုညစ်ညမ်းမှုပြဿနာတွေ မဖြစ် ပေါ်စေဖို့အတွက် အထူးအလေးထား ကြိုတင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လူသားနဲ့ သက်ရှိအားလုံးအတွက် အသက်ရှူတိုင်း စက္ကန့်နဲ့ အမျှ အလွန်အရေးကြီးလှတဲ့ ဝန်းကျင်လေထု အရည်အသွေးကောင်းမွန်သန့်ရှင်းရေးကို အစိုးရ ဌာနတွေ၊ စက်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေအပါအဝင် ပြည်သူ တစ်ဦးတစ်ယောက်ချင်းစီအနေနဲ့ လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အလေးအနက် တိုက်တွန်းတင်ပြရင်း ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှာ ကျရောက်မည့် ပဉ္စမအကြိမ်မြောက် **အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့**ကို ဂုဏ်ပြုကြိုဆိုအပ်ပါတယ်။ ။

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည် ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံး ပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အနုပညာနှင့်ခန္ဓာ | ကဲဆုသာ၊ အောင်သူရ | ဦးစောထူးအယ်မူး တိရစ္ဆာစာပေတိုက် |
| ၂။ | ရွှေလက်ရာစနစ်သစ်၊ သင်ရိုးသစ် GRADE-9 နဝမတန်း၊ သင်္ချာ WORK BOOK | ဒေါ်မင်းမင်းစိုး (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် ရွှေလက်ရာစာပေ |
| ၃။ | ရွှေလက်ရာစနစ်သစ်၊ သင်ရိုးသစ် GRADE-9 နဝမတန်း၊ အင်္ဂလိပ်စာ WORK BOOK | ဦးမိုးနော် (ပညာရေးတက္ကသိုလ်) | ဦးဝင်းနိုင် ရွှေလက်ရာစာပေ |
| ၄။ | အမှောင့်ပယောဂ | ကိုနေ(မန်း) | ဦးမြင့်ကျော်စိုး ကိုနေမန်းစာပေ |
| ၅ | THE ANANDA TEMPLE AT BAGAN | ဒေါက်တာသန်းထွန်း | ဦးသိန်းလွင် Bagan Princess Publications |

ပြန်ကြားရေးဝန်ကြီးဌာန

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၈ ပေ (၆၀၀ စင်တီမီတာ) သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ် ပါသည်။

မိုး/ဇလ

## ကန့်ဘလူမြို့နယ်မှ ပြည်သူလေးဦးကို ဖမ်းဆီးပြီး သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဦးကင်းကြည် ကျေးရွာကို ဩဂုတ် ၂၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူလေးဦးကို ဖမ်းဆီးကာ သုံးဦးကို သတ်ဖြတ်ခဲ့ကြောင်းနှင့် ၎င်းကျေးရွာမှ နေအိမ်ငါးလုံးကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၅ ရက်က ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၃၀၀၀ ခန့်တွင် နယ်မြေ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များကလည်း ပြန်လည်တိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လိုက်လံရှင်းလင်းခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမား အလောင်း သုံးလောင်း၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ် တစ်တောင့်ထိုး နှစ်လက်နှင့် လက်လုပ်စိန်ပြောင်း ဗုံးသီးငါးလုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေး ဆောင်ရွက်မှုအား ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားပြီး လူမှုကွန်ရက်များတွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်







## အင်းတကော်မြို့၌ နေ့ခင်းအချိန် ငွေကျပ် ၂၁၉ သိန်း လုယက်မှုတရားခံများအား ဖမ်းဆီးရမိ

**အင်းတကော် ဩဂုတ် ၂၆**

ပဲခူးမြို့နယ် အင်းတကော်မြို့အနီး ဘုားလယ်အင်းကျေးရွာ ကြီးလေးကြီးလမ်း မိုင်တိုင်အမှတ် (၃၆/၁) ရှိ ကားလမ်းမ ပေါ်၌ ဩဂုတ် ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မောင်းနှင်လာသော ကားတစ်စီးကို ရပ်တန့်ခိုင်းပြီး ငွေကျပ် ၂၁၉ သိန်းကို လုယက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိခဲ့**

အခင်းဖြစ်ပွားပြီးနောက် လုယက်ခြင်းခံရသူ ဦးနေလင်းထိုက် (ရော်ဘာရောင်းဝယ်ရေး) ကြို့ကုန်းကျေးရွာ လှည်းကူးမြို့နေသူက ပဲခူးမြို့နယ် အင်းတကော်နယ်မြေရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်ချက်အရ တရားခံဖြစ်သူ အောင်ကျော်လင်း (၃၆ နှစ်) အလှပ်ကြီးကျေးရွာ လှည်းကူးမြို့ နေသူကို ဩဂုတ် ၂၃ ရက်တွင် လည်းကောင်း၊ အောင်ကိုဝင်း (၃၆ နှစ်) ချမ်းသာကုန်းကျေးရွာ ပဲခူးမြို့နယ်နှင့် ညီဝေယံ (၂၃ နှစ်) အမှတ် ၄ ရပ်ကွက် အင်းတကော်မြို့နေသူတို့ကို ဩဂုတ် ၂၄ ရက်တွင် လည်းကောင်း သက်သေခံ ငွေကျပ်သိန်းပေါင်း ၁၈၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်မှုတရားခံများကို ရာဇသတ်ကြီးပုဒ်မ (ပ) ၁၅၀/၂၀၂၄၊ ၃၈၆ ဖြင့် အင်းတကော်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ခွန်(ဝင်းပ)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@phoo.pwint.thaw.k" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ် ခတ္တိယကမ်းနားကျေးရွာနေ ဌေးဌေး(ခ)ရွှေဌေးအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "Hnin yu maw" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပန်းတနော်မြို့နယ် မြို့သစ်(၁) ရပ်ကွက်နေ နှင်းယုမွန်အား ညနေ ၅ နာရီခွဲတွင် လည်းကောင်း၊ "Kaungmalay" Facebook အကောင့်နှင့် "@nwelay123417" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ်(၁)ရပ်ကွက်(မြို့သစ်)နေ အေးအေးနွယ်(ခ) မနွယ်အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက(ဝေါအရှေ့) ကျောင်း Grade-6(A) မှ မောင်နိုင်ရဲလင်းနှင့် Grade-2(A) မှ မောင်ဇင်မင်းဟိန်း တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ၇/ဝမန(နိုင်)၁၀၉၅၈၈ဖြစ်ပါကြောင်း။

**ဦးမင်းဇော်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)ဦးပိုင်အမှတ်(၂၅၀)၊ မြေကွက်အမှတ်(ဆ/၁၁၂)၊ ဧရိယာ (၀ဒသမ၀၄၅) ဧကရှိ မြေကွက်အား မြေငှားဂရန်အသစ်လျှောက်ထားရန် ဦးခင်လတ် ၉/မမန(နိုင်)၀၁၀၄၈၅ က ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကန်ဖျား(မြို့မ)ရပ်ကွက်၊ ကန်ဖျားလမ်း၊ ခြံအမှတ် (၅)၊ ကွင်းအမှတ် (၃BN)၊ ကွင်းအမည် (ကန်ဖျားကွင်း)၊ ဦးပိုင်အမှတ် (၁၂/၇)၊ ဧရိယာ (၀.၂၅၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဝင်းအောင် (၆/မအရ (နိုင်) ၀၃၁၀၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက (၂၅-၈-၂၀၂၄) နေ့စွဲပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ တနည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါကပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော် ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း (၉) ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် ၂၆-၈-၂၀၂၄ ရက်မှ ၉-၉-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည် တင်သွင်းလာမည့် တင်ဒါပုံစံများအား ၉-၉-၂၀၂၄ ရက် ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သော နေရာတွင်ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ် စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဝယ်ယူရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူ စက်ပစ္စည်းများ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် ၂၆-၈-၂၀၂၄ ရက်မှ ၉-၉-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများအား ၉-၉-၂၀၂၄ ရက် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်) တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ် (၂၇)၊ ၄၀ x ၄၁ လမ်းကြား၊ ၅၆ x ၅၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာဝေ ၉/မရမ(နိုင်)၀၅၅၃၀၀ က အမှုတွဲအမှတ်(၃၂၈၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူသိစေရန် ကြေညာချက်

SUHYUP MICROFINANCE MYANMAR CO., LTD တွင် တာဝန်ထမ်းဆောင်နေသော Mr. Choi Chang Yong (M741J8773) သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်တွင် Director ရာထူးမှ နုတ်ထွက်ပြီး Mr. Jang Jae Young (M63896615) သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၂၃ ရက်မှစ၍ Director အဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ် ငကစ/ကက-၆ (၇၄/၂၀၁၅) အရ ငွေကြေးဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့်အသင်းသားများနှင့် အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**SUHYUP MICROFINANCE MYANMAR CO., LTD**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၀၀ ကျပ် | ၃၂၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၉၇၅ ကျပ် | ၃၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၁၁၅ ကျပ် | ၃၁၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## သံလွင်နှင့် စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၆ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/66540 ယာဉ်လက်ဝယ်ရှိသူ ဦးအဂ္ဂသီး ၇/ကတခ(ပြု)၀၁၀၉၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RIG/3609 ကမ-၃ အမည်ပေါက်သူ ဆရာတော် အရှင်ဝါသဝ ၇/ပခန(သ)၀၀၀၂၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## ရမည်းသင်းခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

ရမည်းသင်း ဩဂုတ် ၂၆

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၄ ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာ ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီး အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (၁၀-၁၅) အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် (၁၅-၂၀) အကပြိုင်ပွဲ၊ အခြေခံပညာအဆင့်(၁၀-၁၅) အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၊ အမျိုးသား ခေတ်ဟောင်းကာလပေါ်ပြိုင်ပွဲ၊ ဇာတိဂုဏ်မြင့်မားရေး အဆိုပြိုင်ပွဲ၊ ဝါသနာရှင် ဒုတိယတန်း (အမျိုးသမီး) ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲ၊ အခြေခံပညာအဆင့် (၁၀-၁၅) မဟာဂီတအဆိုပြိုင်ပွဲ၊ အခြေခံ(၁၅-၂၀) အမျိုးသား ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲ၊ ဝါသနာရှင် ဒုတိယတန်း အမျိုးသား ပတ္တလား အတီးပြိုင်ပွဲ၊ တစ်ကိုယ်တော် ဆိုင်းအတီးပြိုင်ပွဲနှင့် ကဗျာလွတ်အဖွဲ့လိုက်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၅၃၁ | ၄၇၃၄၃၀၀ |
| MTSH | ၃၄၅၀ | ၃၅၅၀ | ၂၀၀၈၀ | ၆၉၄၅၀၂၀၀ |
| MCB | ၉၀၀၀ | ၉၀၀၀ | ၄ | ၃၆၀၀၀ |
| FPB | ၁၈၅၀ | ၁၈၀၀ | ၃၄၀၅၀၀ | |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၃၆၄ | ၂၃၆၁၀၀၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၅၅ | ၁၁၇၃၀၀၀ |
| MAEX | ၃၃၀၀ | ၃၃၀၀ | ၆၆၂ | ၂၁၈၄၆၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ(၀.၀၉၁)ရှိ မြေကွက်အမှတ်(ပ-၁၇၄)ကို အမည်ပေါက် ဒေါ်အေးမွန်ပြုံး(ဘ)ဦးကျင်သိန်း ၁၄/ကကန(နိုင်)၀၉၅၅၁၁၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးဟန်မြင့်ထွန်း (ဘ)ဦးဟန်မောင် ၉/လဝန(နိုင်)၁၅၉၀၁၄မှ ဦးအောင်ဟိန်း (ဘ) ဦးစိုးနိုင်ဦး ၅/ ဘတလ(နိုင်)၀၉၇၆၀၆ နှင့် မှတ်ပုံတင် အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၄၃၅၂/၂၀၂၃(၂၃-၁၁-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံး ထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က (ခွဲ)နမ့်ဆီး Grade-7မှ မောင်သန့်အောင်ဇင်၏ မိခင် အမည်မှန်မှာ ဒေါ်ငွေလှိုင် ၁၂/လယန(နိုင်)၀၁၄၂၄၄ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က (ခွဲ)နမ့်ဆီး Grade-8မှ မသော်တာထွေး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စို ၁၃/ညရန(နိုင်)၀၀၁၇၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပင်းတယမြို့၊ အ.ထ.က (မဲနယ်တောင်) ကျောင်း၊ Grade-12မှ မမေစိုးဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ထွန်း ၁၃/ပတယ(နိုင်)၀၄၄၄၈၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးအေးမင်းထွန်း၏သမီး ကျိုင်းတုံတက္ကသိုလ်၊ မြန်မာစာ (ပထမ နှစ်)မှ မဇူးဇူးထက် ၁၃/တခလ(နိုင်) ၁၀၉၂၁၈၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၉-၂၀၀၃) ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၃၊ ဦးပိုင်အမှတ်(၆၃-က)၊ ၆၉X၇၀လမ်းကြား၊ ၁၀၇X၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စောထွေး၏(ဘဏ်ခွဲတာဝန်ခံ၊ ရောဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မန္တလေးဘဏ်ခွဲ(၂၄)၏ ကိုယ်စား (၂၆-၁၂-၂၀၂၃)ရက်တွင် ပြုလုပ်သော ဒါရိုက်တာအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့် သဘောတူညီမှုအရ ဘဏ်ခွဲမန်နေဂျာ ဒေါ်လွင်မာဝင်းက တာဝန်ယူလက်မှတ်ထိုးသည်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၇၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ထက်ဝင်း ၉/ခအဇ(နိုင်)၀၀၇၅၉၅ က အမှုတွဲအမှတ်(၃၂၇၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၁၊ ဦးပိုင်အမှတ်(၅၀/ခဲစင်း)၊ ၄၉X၅၀လမ်းကြား၊ ၁၀၇X၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ငွေ၏ (SPရရှိသူ ဦးမင်းသူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၇၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သန္တာကျော် ၉/မဟမ(နိုင်)၀၁၁၂၁၄က အမှုတွဲအမှတ်(၃၂၆၄/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်နှင့် မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ တကောကန်(အထက) Grade-9မှ မဇူလိုင်ဆွေ၏ အမည်မှန်မှာ မနန်းဇူလိုင်ဆွေဖြစ်ပြီး ၎င်း၏မိဘ အမည်မှန်မှာ ဦးညွန့်တင် ၇/ကဝန(နိုင်)၀၉၀၉၁၂ နှင့် ဒေါ်တင်မော်သန်း ၇/ကဝန(နိုင်) ၂၂၀၈၀၁ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

မုံရွာမြို့နေ ဦးစိုးတင့် ၅/မရန(နိုင်)၀၁၈၉၇၅၏ သားဖြစ်သူ ကျော်ကိုကိုစိုး(ခ) ဖိုးခွား ၅/မရန(နိုင်)၂၀၉၄၄၈သည် မိသားစုအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် (၂၆-၈-၂၀၂၄) ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် အခြားမည်သည့်ကိစ္စများကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးစိုးတင့်၅/မရန(နိုင်)၀၁၈၉၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၄) လမ်း၊ အမှတ် (၂၆၄)၊ မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပဥ္စမထပ်၊ (၆ လွှာ၊ ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂၃x၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိအိမွန် ၁၄/ဘကလ(နိုင်)၁၁၇၃၁၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ဝင်းမောင် ၁၂/သဃက (နိုင်)၀၉၀၅၂၃က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း -၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှဆောက်လုပ်ရောင်းချသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ်(2A-167)တိုက်ခန်းအား ကျွန်ုပ်အမှုသည် ဒေါ်ခင်မြတ်သူ (ဘ)ဦးထွန်းကြည် ၁၃/သနန(နိုင်)၀၀၁၆၃၄၏ ခင်ပွန်းဖြစ်သူ ဒုရဲမှူးခင်မောင်ဝင်း(လ-၁၁၈၄၀၁)(ဘ)ဦးမြမောင် ၁၃/သနန(နိုင်) ၀၀၁၆၃၃မှတော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင် ၎င်း၏အမည်ပေါက် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒုရဲမှူးခင်မောင်ဝင်းမှာ (၁၇-၁၁-၂၀၁၆)ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ယခုအခါ ယင်းတိုက်ခန်းအား တော်ဝင်မိသားစုဆောက်လုပ်ရေး ကုမ္ပဏီတွင် ကျွန်ုပ်အမှုသည် ဒေါ်ခင်မြတ်သူ(ဘ)ဦးထွန်းကြည် ၁၃/သနန(နိုင်)၀၀၁၆၃၄၏ အမည်သို့ပြောင်းလဲ လျှောက်ထားမည်ဖြစ်ပါသောကြောင့် အမည်ပေါက်ပြောင်းလဲလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း တော်ဝင်မိသားစုဆောက်လုပ်ရေး ကုမ္ပဏီတွင်လည်းကောင်း၊ကျွန်ုပ်ထံတွင်လည်းကောင်း စာရွက်စာတမ်း (မူရင်း) အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင်(LL.B,D.I..L,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၀၁၁)(၂၉-၅-၂၀၁၅)**
**၂အေ-၁၆၇၊ မြေညီထပ်၊ မုဒိတာအိမ်ရာ(၂)၊ (၁၆)ရပ်ကွက်၊ (ရွာမအနောက်)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၄၉၉၇၈၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ် ဓ.၄၊ ဦးပိုင်အမှတ်(၆၃/ခဲစင်း)၊ ၄၁X၄၂လမ်းကြား၊ ၆၅x၆၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ပြာနွေဦးမွန် ၁၂/အစန(နိုင်) ၁၆၅၀၃၂က အမှုတွဲအမှတ်(၃၂၅၉/ ၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၅၇၊ ဦးပိုင်အမှတ် (၂၉)၊ ၅၅X၅၆လမ်းကြား၊ ၃၈X၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိမိဇင် ၉/မရမ(နိုင်)၀၁၁၉၅၉ကအမှုတွဲအမှတ်(၃၂၅၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် မမ.၁၂၊ ဦးပိုင်အမှတ် (၄၁)၊ ၁၁၇(A)လမ်း၊ ၄၉x၅၀လမ်းကြား ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထုတောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၄၈၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအားတီ ၁၃/နခန(နိုင်) ၀၉၇၉၆၆ က အမှုတွဲအမှတ် (၃၂၆၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် င-၄၊ ဦးပိုင်အမှတ် (၂၄)၊ ၆၄လမ်း၊ ၁၀၈X၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ဝင်း(ခ)ဂေါ်လံချိန်၏ (SPရရှိသူ ဦးအောင်ကျော်မျိုး) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၂၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖန်စင်းခွင်း ၁၃/တမည(နိုင်)၀၀၁၂၁၅၅က အမှုတွဲအမှတ်(၃၂၇၁/ ၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခြူးမီမီဇော် ၁၄/ရသယ(နိုင်)၀၁၂၁၄၇၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၁၃၄၇၆၉**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ဖိုးဦးစိန် G-10မှ မောင်မျိုးမြင့်ကျော်နှင့် G-10 မှ မောင်မျိုးမင်းကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၇/ဝမန(နိုင်)၁၂၀၉၅၆ ဖြစ်ပါကြောင်း။

**ဦးမောင်ဇော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ နွယ်အေးရပ်ကွက်၊ နွယ်နီလမ်း၊ မြေကွက်အမှတ် (၅၉၇)ဟုခေါ်တွင်သော မြေအလျား x အနံ (၂၅x၆၀)ပေရှိ [ဒေါ်ခင် (EF-၁၄၃၅၅၃)၊ ဦးခင်မောင်တင် (J/RGN-၀၅၆၀၄၄) အမည်ပေါက်] နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (ဂရန်မူရင်းခြမ်း) (၁၂၃x၅၀) ပေရှိမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့ဆွေ (၁၂/ဒပန(နိုင်)၀၃၂၉၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ငြေး (၈/မမန(နိုင်) ၀၈၅၆၂၃)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လို သူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂၀၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉ ၇၇၂၇၇၇၇၁၂၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၃၀၀၂၁၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ်(၂၆)၊ ၄၀X၄၁လမ်းကြား၊ ၅၆X၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေသီဝေ ၉/မရမ(နိုင်)၀၅၅၂၉၉ကအမှုတွဲအမှတ်(၃၂၈၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ်(၉၄)၊ ၄၁လမ်းမျက်နှာပြု၊ ၅၆x၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်) ၀၁၅၁၅၁က အမှုတွဲအမှတ် (၃၂၆၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ်(၈၃)၊ ၄၀X၄၁လမ်းကြား၊ ၅၆X၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်)၀၁၅၁၅၁ကအမှုတွဲအမှတ်(၃၂၆၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၁၊ ဦးပိုင်အမှတ်(၈၄.ခ+၉၃.ခ)၊ ၄၁လမ်းမျက်နှာပြု၊ ၅၆x၅၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်) ၀၁၅၁၅၁က အမှုတွဲအမှတ် (၃၂၆၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အလိမ္မာ စာမှာရှိ

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ အဝင်ဝရွာတွင် နေထိုင်သူ ဒေါ်နော်အေးအေးမော် ၃/လဘန(နိုင်)၀၆၅၈၃၆က အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်အား မိမိတစ်ဦးတည်း မူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် (၂၁-၆-၂၀၂၄) ရက်မှစ၍ မှတ်ပုံတင်သွင်းကြေညာစာချုပ် မှတ်ပုံတင်သွင်းခဲ့သည့် မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်-

ဒေါ်နရိပ်

**မှတ်ပုံတင်စာချုပ်အမှတ်-၁/၂၀၂၄**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား ပဲမျိုးစုံနှင့် မြေပဲဆီ အစရှိသည့် ဒေသထွက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ Online မှ ရောင်းချပေးခြင်းတို့တွင် အရောင်အမျိုးမျိုး၊ အရွယ်အစား ဆိုဒ်အမျိုးမျိုးတို့ဖြင့် ပြုလုပ်ကပ်နှိပ်ယှဉ်တွဲကာ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းအမျိုးမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို ဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် တံဆိပ်အမှတ်အသားအမည်တို့ကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်အေးအေးမော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းအိအိစိုး** — **ဒေါ်ခင်မြစီ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၆၁)** — **အထက်တန်းရှေ့နေ (စဉ်-၅၁၁၈၅)**

**တိုက်(၁)၊ ရွှေဖားစည်အိမ်ရာ(၂)၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံမြို့၊**
**ဖုန်း-၀၉-၅၆၆ ၁၅၆၀၊ ၀၉-၇၅၃၅၅၂၀၀**

## ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 7H/6320 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကြက်သရေရပ်ကွက်၊ အကွက်အမှတ် ၁၇၈/ပြည်ကြီး ကြက်သရေ၊ ဦးပိုင်အမှတ် ၃-က/၈၃X၈၄ကြား၊ ၂၅X၂၆ကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဇနီး ဒေါ်ဝင်းရွှေ ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်း ဦးစိန်လွင် ၉/မနမ(နိုင်)၀၉၃၅၀၇က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ် ၆၀၁၊ ဦးပိုင်အမှတ် ၃၀၂-က+၃၀၅-ဃ၊ စာတိုက်တန်းလမ်း၊ ရုံးပေါင်းစုံအနီး ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှဲ့လှဲ့ဝင်း ၉/အမရ(နိုင်) ၀၀၅၅၉၀က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေ ရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ(ရေပူ) Grade(8)မှ မဇူးဇူးမြတ်၏ မိဘအမည်မှန်မှာ ဦးလှမျိုးဝင်းနှင့် ဒေါ်သူဇာလင်း ဖြစ်ပါကြောင်း။

**ဦးလှမျိုးဝင်းနှင့်**
**ဒေါ်သူဇာလင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ဖိုးဦးစိန် Grade-7 မှ မောင်ဉာဏ်လင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိန် ၇/ ဝမန(နိုင်)၁၀၇၀၉၄ ဖြစ်ပါကြောင်း။

**ဦးမြင့်စိန်**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ အင်းဝလမ်းနေ(ဘ)ဦးကျော်မင်း၏သား ဦးကျော်ဖြိုးမောင် ၁၂/မရက(နိုင်)၁၄၄၆၀၇ နှင့် (ဘ)ဦးမြင့်သိန်း၏သမီး ဒေါ်ပပဝင်း ၁၄/နေဖ(နိုင်)၁၁၅၄၉၈တို့သည် (၂၀-၄-၂၀၂၄)ရက်နေ့တွင် ဥပဒေအရ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဒေါ်ပပဝင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်တော် ဦးကျော်ဖြိုးမောင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါသောကြောင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဖြိုးမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်မင်းဆွေ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၀၃၅/၂၀၁၄)**
**(၂)ရပ်ကွက်၊ (၃)လမ်း၊ တောင်ငူမြို့**
**ဖုန်း-၀၉-၄၄၄၉၃၇၇၇၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကရပ်ကွက်၊ အကွက်အမှတ် လ-၁၀၊ ဦးပိုင်အမှတ် ၈၂/ခဲစင်းမြောက်ခြမ်း၊ ၆၄X၆၅ကြား၊ ၁၁၂X၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရီရီ ၉/မရတ(နိုင်)၀၁၀၃၇၂၊ ဒေါ်လွင်လွင်မြင့် ၉/မရတ(နိုင်)၁၀၄၈၇၈၊ ဒေါ်သွင်သွင်မြင့် ၉/မရတ(နိုင်)၀၁၀၃၉၉၊ ဒေါ်ခိုင်မာမြင့် ၉/ မရတ(နိုင်)၀၀၀၃၁၂တို့၏အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၁၇/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်အေး ၉/မဟမ(နိုင်)၀၄၃၉၉၄ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ် ခခ-၇၊ ဦးပိုင်အမှတ် ၃၀၊ ၆၂x၆၃ကြား၊ ၁၃၀x၁၃၁လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း ၉/မနမ(နိုင်) ၀၅၂၁၆၅ ၊ WMDY -၃၀၀၀၇၆၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၄၉/၂၀၀၅) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဆန်း ၉/မရတ(နိုင်)၀၁၅၂၈၅က တောဂရန် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက် အမှတ် ၀၀-၈၊ ဦးပိုင်အမှတ် ၉ ခဲစင်း၊ ၆၆x၆၇ကြား၊ Bလမ်းxC လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောငြိမ်း ၉/မရမ(နိုင်) ၀၀၁၄၀၂၊ ဦးလှမျိုး ၉/မနတ(နိုင်)၁၀၁၅၄၉တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၃၅/၂၀၂၂)ဖြင့် လွှဲအပ် ခြင်းခံရသူ ဦးအောင်ဝင်း ၁/မကတ(နိုင်) ၀၆၀၀၃၆က ဦးပိုင်ခွဲမိန့် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးလှိုင် (ဘ) ဦးဘမော် ၉/မရမ(နိုင်)၀၂၁၅၉၈ နှင့် ဒေါ်ကြေးမုံအောင်(ဘ)ဦးအောင်မြင့် (၉/မရတ(နိုင်)၀၀၂၉၆၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ နန္ဒဝန်ရပ်၊ (ယခင်ရွာမြေ)၊ (၆၃x၈၀)ပေရှိ မြေနှင့်မြေပေါ်ရှိ တစ်ထပ်တိုက် အဆောက်အအုံ(၁)လုံး၊ လျှပ်စစ်မီတာ၊ အဝီစိရေတွင်းအပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူ ဒေါ်နေဇာလွင်(ဘ)ဦးကျော်မြင့်လွင် ၉/ပဥလ(နိုင်)၀၁၄၉၂၈ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ အားပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍အဆိုပါအဆောက်အအုံ ခြံကွက်နှင့် ယင်းမြေပေါ်ပါ ရေ၊ မီး မီတာသွယ်တန်းတပ်ဆင်ပြီးဖြစ်သည့် နေအိမ်အဆောက်အအုံနှင့် စပ်လျဉ်းပြီး တရားဝင်ပိုင်ဆိုင်ခွင့်/ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တရားဝင်ပိုင်ဆိုင်မည့်အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်၍ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၅၃)**
**အမှတ်(၁၈၅)၊ အောင်သိဒ္ဓိလမ်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၆၉၉၅၆၂၉၈၉**




## ဖခင်အမည်မှန်

အထက(ခွဲ)ကျုံစောင့်တွင် ပညာသင်ယူနေသော မိမိုးဘီလျံကြွယ် (Grade-7)၏ ဖခင်အမည်မှန်မှာ မင်းအောင်မိုးဦး ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း Grade-9တွင် ပညာသင်ကြားနေသော (ဘ)ဦးနေလင်းထွန်း ၁၂/သခန(နိုင်)၁၁၀၇၈၉ ၏ သမီး မသော်တာလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၀-၂၀၀၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၁၈၂)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်ဝင်းဝင်းမြင့် (ဘ)ဦးဝါဖန် ၁/မကန(နိုင်)၁၂၇၁၁၁ အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်ကို ဒေါ်ဝင်းဝင်းမြင့် ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၃၂၅၈ /၂၀၂၃ ) (၇-၉- ၂၀၂၃) ရရှိထားသူ ဦးနိုင်ငွေး(ဘ)ဦးအောင်ငွေး ၇/ပမန(နိုင်)၁၄၆၃၅၃၄မှ ဒေါ်ချိုမာလွင် (ဘ) ဦးမြင့်လွင် ၇/ပမန(နိုင်)၁၃၈၅၉၈နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀ဒသမ၀၅၅) ဧက၊ မြေကွက်အမှတ်(ဥ-၇၄၆၁) ၊ ဒေါ်သူသူဟန်ငွေ(ဘ)ဦးလှငွေ အမည်ပေါက် ၊ နှစ်(၃၀)မြေငှားစာချုပ် မြေကွက် ကို ဦးသန်းထွန်းညို ၅/မရန(နိုင်)၀၁၅၇၈၄(ဘ)ဦးသွင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၉/၂၀၂၂ (၁၄- ၆-၂၀၂၂)တင်ပြ၍ ဒေါ်အိအိထွန်း ၅/မရန(နိုင်) ၁၅၇၃၄၃(ဘ)ဦးသန်းထွန်းညို အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံ ကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ(၀.၀၅၅) ဧက၊ မြေကွက်အမှတ်(ဥ-၇၁၁၇) ဒေါ်နော်ဒိုနေဒီ(ဘ)ဦးစောဘေးကူ အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းမင်းထွဋ် ၇/ပခန(နိုင်)၁၉၂၅၀၅ (ဘ) ဦးတင်အောင်မှ တောင်ငူမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၃/၂၀၂၀(၂-၁၂-၂၀၂၀)တင်ပြ၍ ဒေါ်အိမြတ်မွန် ၈/မလန(နိုင်)၀၇၃၂၁၅(ဘ)ဦးတင်အေး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ် (၆၃)၊ လှူနေရပ်ကွက်(ဒ/၁၇)၊ ပန်းခြံ(၅)လမ်း၊ အပိုင်း(၃)နေ အိမ်အမှတ်(၁၀၄၃/ခ)၊ ဒေါ်အုံးကြည် အမည်ပေါက် မြေချပါမစ်(မူရင်း)၊ အကျယ် အဝန်း အလျား(၂၀)ပေ x အနံ(၆၀)ပေ ရှိမြေကွက်ကြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုထားသော ဒေါ်သင်းသင်းနိုင် ၁၂/မရက(နိုင်) ၀၃၇၄၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်းစိုး ၁၄/လပတ(နိုင်)၁၆၆၇၂၄က အပြီး ပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးထွေးဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၂၇)**
**အမှတ်(၂၁၆၄/ခ)၊ မဟာဗန္ဓုလလမ်း၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း -၀၉-၄၂၀၀၆၆၇၆၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/78526 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၇/တငန(နိုင်)၀၄၆၉၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/42388 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်ဦး ၇/တငန(ပြု)၀၀၁၇၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၆၆၁၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၀/မလမ(နိုင်) ၂၇၃၄၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၄၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်) ၂၉၉၆၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၃၅၁၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုဦး ၁၀/မလမ(နိုင်) ၁၇၉၅၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## လယ်ဝေးမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂

ဒေါ်ဝါဝါမင်း နှင့်
၁။ ဦးနိုင်ထွန်းဦး
၂။ မနီတာရဲ(ခ)မထက်မှူးအိမ့်
၃။ မောင်ပူတူး(ခ) မောင်စွမ်းထက်အောင်
၄။ ဒေါ်နေခြည်ထွန်း
၅။ ဦးဇင်မင်းမောင်
၆။ ဦးစိုးသိန်း
၇။ ဒေါ်သိန်းသိန်းဦး
၈။ ဒေါ်သင်းသင်းမာ
၉။ ဒေါ်သင်းသင်းနွယ်
၁၀။ ဦးအောင်ကျော်စိုး

(တရားလို) (တရားပြိုင်များ)

မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်ဇေယျ(၂)လမ်းနေ (၂)တရားပြိုင် မနီတာရဲ(ခ)မထက်မှူးအိမ့်နှင့် (၃) တရားပြိုင် မောင်ပူတူး(ခ)မောင်စွမ်းထက်အောင်(ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၂ရက် (၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ဩဂုတ်လ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်ခန့်)
မြို့နယ်တရားသူကြီး
လယ်ဝေးမြို့နယ်တရားရုံး

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ဖိုးဦးစိန် Grade-6မှ မောင်သိန်းထိုက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းလှ ၇/ဝမန(နိုင်) ၁၈၇၆၀၃ ဖြစ်ပါကြောင်း။

ဦးသန်းလှ

## အမည်မှန်

